


**Volume III, Issue 41** **19 June 2023**


| ★ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မာရဝိဇယ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေး | ၁ |
| ၂ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ရုံး၊ ဌာနအသီးသီးမှ အရာရှိငယ်များအား တွေ့ဆုံအမှာစကားပြောကြား | ၄ |
| ၃ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အားကစားပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြသည့် မြန်မာအားကစားအဖွဲ့များအား ဂုဏ်ပြုဆုငွေများပေးအပ်ချီးမြှင့် | ၆ |
| ၄ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ရခိုင်ပြည်နယ်၊ စစ်တွေမြို့နယ်အတွင်း ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများအား ကြည့်ရှုစစ်ဆေး | ၁၀ |
| ၅ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ရခိုင်ပြည်နယ် သဘာဝဘေးပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား | ၁၄ |
| ၆ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း မောင်တော၊ ဘူးသီးတောင်၊ ရသေ့တောင်၊ မြောက်ဦး၊ မင်းပြားနှင့် ကျောက်ဖြူမြို့နယ်တို့ရှိ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ကူညီကယ်ဆယ်ရေးအဖွဲ့များအား သီးခြားစီတွေ့ဆုံ | ၁၇ |

| ★ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၇ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း စစ်တွေမြို့ရှိ ခရစ်ယာန်ဘုရားရှိခိုးကျောင်းနှင့် သက္ကေယ်ပြင် IDP Camp တို့သို့ သွားရောက်ကြည့်ရှု | ၂၁ |
| ၈ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း စစ်တွေတပ်နယ်နှင့် ရသေ့တောင် တပ်နယ်တို့ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံ | ၂၃ |
| ၉ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ရခိုင်ပြည်နယ်အတွင်း မိုခါမုန်တိုင်းတိုက်ခိုက်မှုကြောင့် ပျက်စီးသွားသော ဘုန်းတော်ကြီးကျောင်းများနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများအတွက် အလှူငွေများပေးအပ်ပွဲသို့ တက်ရောက် | ၂၅ |
| ၁၀ | (၂၆) ကြိမ်မြောက် စိန့်ပီတာစဘတ် နိုင်ငံတကာစီးပွားရေးဖိုရမ်သို့ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက် | ၂၇ |
| ၁၁ | ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန် စိန့်ပီတာစဘတ်မြို့၌ ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ စီးပွားရေးဖိုရမ် (၂၀၂၃) (SPIEF’23)သို့ တက်ရောက်ဆွေးနွေး | ၃၀ |
| ၁၂ | ပြည်ထောင်စုဝန်ကြီးများက ကုလသမဂ္ဂဆိုင်ရာ ယာယီဌာနေညှိနှိုင်းရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူး ဦးဆောင်သည့်အဖွဲ့အား လက်ခံတွေ့ဆုံ | ၃၂ |
| ၁၃ | ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး BIMSTEC Business Conclave ၏ ဆက်စပ် ဖိုရမ်များနှင့် ပိတ်ပွဲအခမ်းအနားသို့ တက်ရောက် | ၃၃ |
| ၁၄ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၏ လုပ်ငန်းဆောင်ရွက်ထားမှုကို ကြည့်ရှုစစ်ဆေး၊ မိုင်းရယ်မြို့နယ်၌ တာဝန်ရှိသူများအား တွေ့ဆုံ | ၃၄ |
| ၁၅ | (၁၄) ကြိမ်မြောက် ကုလသမဂ္ဂအဂတိလိုက်စားမှု တိုက်ဖျက်ရေးကွန်ဗင်းရှင်းသို့ မြန်မာနိုင်ငံအဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာငွေအောင် ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့တက်ရောက် | ၃၆ |
| ၁၆ | အဋ္ဌမအကြိမ် မြန်မာ-ထိုင်း နှစ်နိုင်ငံလေတပ်အကြား အလုပ်ရုံဆွေးနွေးပွဲ (8th MAF-RTAF Air Working Group Meeting)ကျင်းပ | ၃၇ |
| ၁၇ | ရွှေတိဂုံစေတီတော်ရင်ပြင်ပေါ်၌ ဗီယက်နမ်နိုင်ငံမှ အလှူရှင်များက ဆရာတော်သံဃာတော်အပါး ၁၀၀၀ အား ဆွမ်းတော်ကြီးလောင်းလှူပွဲ ကျင်းပ | ၃၉ |
| ၁၈ | KKO (ခွဲထွက်) အဖွဲ့နှင့် PDF အကြမ်းဖက်အဖွဲ့တို့၏ လက်နက်ကြီးများဖြင့် ပစ်ခတ်မှုကြောင့် ကော့ကရိတ်မြို့၊ ဆရာတော် ၁ ပါး ထိခိုက်ဒဏ်ရာများရရှိ | ၄၀ |

| ★ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၉ | ကရင်ပြည်နယ်နှင့် မွန်ပြည်နယ် မြို့များအတွင်းသို့ KKO(ခွဲထွက်)အဖွဲ့၊ KNLA အဖွဲ့နှင့် PDF အကြမ်းဖက်အဖွဲ့တို့က လက်နက်ကြီးများဖြင့် ရည်ရွယ်ချက်ရှိရှိ လာရောက်ပစ်ခတ်တိုက်ခိုက် | ၄၁ |
| ၂၀ | လယ်ဝေးမြို့မရဲစခန်း နှင့် MICC-II ဂိတ်(၂) ဝင်ပေါက်တို့အား လက်ပစ်ဗုံးဖြင့် ပစ်ခတ်ခဲ့သည့် တရားခံများအား ဖြစ်စဉ်ဖြစ်ပွားပြီး ၁၀ နာရီအတွင်း ဖမ်းဆီးရမိ | ၄၂ |
| ၂၁ | နိုင်ငံတော်ကာကွယ်ရေးတာဝန်များ ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် တပ်မတော်သားများအား အပန်းဖြေခရီးများပို့ဆောင် | ၄၅ |

# Information Sheet

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မာရဝိဇယ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေး





ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်ရှိ မာရဝိဇယ ဗုဒ္ဓဥယျာဉ်တော်အတွင်း တည်ထားကိုးကွယ်ရန် ဆောင်ရွက်လျက်ရှိသည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပြီးစီးမှုအခြေအနေများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် တာဝန်ရှိသူများလိုက်ပါ၍ ဇွန်လ ၁၅ ရက်တွင် သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၊ တံခွန်တိုင်၊ ဂန္ဓကုဋိတိုက်များ၊ သာသနာ့ဗိမာန်တော်ကြီး၊ သုဓမ္မာဇရပ်များ၊ ရေပန်းရင်ပြင်၊ ကျောက်စာရုံစေတီတော်များ၊ နဂါးရုံဘုရားနှင့် မုစလိန္ဒအိုင်တို့ တည်ဆောက်ပြီးစီးမှုများ၊ မဟာဗောဓိညောင်ပင်၊ ကျည်းပင်များ ရှင်သန်ဖြစ်ထွန်းနေမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဆောင်ရွက်ပေးခဲ့ပါသည်။

အဆိုပါ **"မာရဝိဇယ" ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီး သာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့် ရည်ရွယ်ချက် ၄ ရပ်ဖြင့် တည်ထားကိုးကွယ်ရန် လုပ်ဆောင်ခဲ့ခြင်းဖြစ်**ကြောင်း၊ ယခုအခါ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ထုဆစ်မှုမှာ ၉၇ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း၊ ဗုဒ္ဓဥယျာဉ်တော်ကြီးအတွင်း သာသနာရေးဆိုင်ရာ အခမ်းအနားကြီးများ ကျင်းပပြုလုပ်နိုင်မည့် သံဃာအပါး ၉၀၀ နှင့် လူပရိတ်သတ် ၁,၂၀၀ ဝင်ဆံ့နိုင်သော သာသနာ့ဗိမာန်တော်ကြီးအပါအဝင် အခြားသောသာသနိကအဆောက်အဦများစွာကိုလည်း ထည့်သွင်းတည်ဆောက်လျက်ရှိကြောင်း၊ ကမ္ဘာပေါ်ရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဖြန့်ဝေရန်အတွက်လည်း ပိဋကတ်ကျမ်းစာအုပ်များကို ပါဠိအက္ခရာနှင့် Romanize Language တို့ဖြင့် ရိုက်နှိပ်ရန် စီမံဆောင်ရွက်လျက်ရှိကြောင်းနှင့် ယခုအခါ သာသနိကအဆောက်အအုံများနှင့် ဗုဒ္ဓဥယျာဉ်တည်ဆောက်မှုမှာ ၈၆ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၆-၆-၂၀၂၃)**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဂန္ဓကုဋိတိုက်များတည်ဆောက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးနေမှု



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် သာသနာ့ဗိမာန်တော်ကြီး တည်ဆောက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးနေမှု

- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၊ တံခွန်တိုင်၊ ဂန္ဓကုဋိတိုက်များ၊ သာသနာ့ဗိမာန်တော်ကြီး၊ သုဓမ္မာဇရပ်များ၊ ရေပန်းရင်ပြင်၊ ကျောက်စာရုံ စေတီတော်များ၊ နဂါးရုံဘုရားနှင့် မုစလိန္ဒအိုင်တို့ တည်ဆောက်ပြီးစီးမှုများ၊ မဟာဗောဓိညောင်ပင်၊ ကျည်းပင်များ ရှင်းသန်ဖြစ်ထွန်းနေမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ် ဆေးခဲ့။
- “မာရဝိဇယ” ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်း တောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ ဗဟိုချက်ဖြစ်စေ ရန်၊ နိုင်ငံတော်ကြီး သာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့် ရည်ရွယ်ချက် ၄ ရပ် ဖြင့် တည်ထားကိုးကွယ်ရန် လုပ်ဆောင်ခဲ့ခြင်းဖြစ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ကျည်းပင်များ ရှင်သန်ဖြစ်ထွန်းမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးနေမှု



မုစလိန္ဒအိုင်နှင့် သုဓမ္မာဇရပ်များ တည်ဆောက်ပြီးစီးမှု



ကျောက်စာရုံစေတီတော်များ တည်ဆောက်ပြီးစီးမှု

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ရုံး၊ ဌာနအသီးသီးမှ အရာရှိငယ်များအား တွေ့ဆုံအမှာစကားပြောကြား



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဇွန်လ ၁၆ ရက်တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ရုံး၊ ဌာန အသီးသီးတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အရာရှိငယ်များအား တွေ့ဆုံအမှာစကားပြောကြားရာတွင်-

- အရာရှိငယ်များအား တပ်မတော်နှင့် အမျိုးသားနိုင်ငံရေး၊ နိုင်ငံတော်၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှု၊ တစ်ဦးချင်း တာဝန်ထမ်းဆောင်မှု စသည်တို့နှင့်ပတ်သက်၍ မှန်မှန်ကန်ကန် သိရှိနားလည်ရန်နှင့် အခြားလိုအပ်သည်များကို မှာကြားနိုင်ရန် ယခုကဲ့သို့ တွေ့ဆုံရခြင်းဖြစ်ကြောင်း။
- နိုင်ငံ၏ယဉ်ကျေးမှုစရိုက်လက္ခဏာ၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်မပျက်အောင် ထိန်းသိမ်းဆောင်ရွက်ခြင်းသည် အမျိုးသားနိုင်ငံရေးဖြစ်ပြီး နိုင်ငံ၏အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ခြင်းပင်ဖြစ်ကြောင်း။
- မြန်မာနိုင်ငံ၏ အမျိုးသားအကျိုးစီးပွားနှင့် အမျိုးသားနိုင်ငံရေးမှာ သမိုင်းနှင့်ချီ၍ ဖြစ်ပေါ်လာခဲ့သည့် ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းဆောင်ရွက်ခြင်းပင်ဖြစ်ကြောင်း။
- မြန်မာနိုင်ငံတွင် မှီတင်းနေထိုင်သည့် တိုင်းရင်းသားလူမျိုးပေါင်း ၁၃၅ မျိုးခန့်ရှိပြီး ဒေသအလိုက်၊ လူမျိုးအလိုက် ကွဲပြားခြားနားမှုများရှိရာ သွင်ပြင်လက္ခဏာ၊ ယဉ်ကျေးမှု၊ ထုံးတမ်းစဉ်လာများ တူညီမှုမရှိကြဘဲ တောင်တန်းဒေသနှင့် ပြည်မဒေသတို့သည် ရာသီဥတု၊ မြေအနေအထား၊ လမ်းပန်းဆက်သွယ်မှု၊ ပညာရေးနှင့် ကူးလူးဆက်ဆံမှုများ ကွာခြားမှုရှိသဖြင့် တစ်ပြေးညီတိုးတက်ခြင်းမရှိသည်ကို တွေ့ရှိရမည် ဖြစ်ကြောင်း။
- မြန်မာနိုင်ငံသည် ကိုလိုနီလက်အောက်သို့ ကျရောက်ချိန်တွင် အင်္ဂလိပ်တို့၏ တောင်တန်း-ပြည်မ သွေးခွဲအုပ်ချုပ်ခဲ့မှုကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ထိခိုက်စေခဲ့ကြောင်း၊ ကိုလိုနီလက်အောက်မှ ရုန်းထွက်ချိန်တွင် ပညာတတ်များ နည်းပါးခြင်းနှင့် စုစည်းညီညွတ်သည့်အားများ နည်းပါးမှုများရှိခဲ့၍ လွတ်လပ်ရေးကို ခက်ခဲစွာကြိုးပမ်းရယူခဲ့ရကြောင်း။
- အမျိုးသားနိုင်ငံရေးနှင့် အမျိုးသားအကျိုးစီးပွားကို ဆောင်ရွက်ရာတွင် နိုင်ငံ၏သမိုင်းကြောင်းကို မှန်မှန်ကန်ကန် သိရှိထားမှသာ မိမိတို့၏အမျိုးသားနိုင်ငံရေးတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်မည်ဖြစ်ကြောင်း။
- မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရရှိပြီးကာလတွင် ပါလီမန်ဒီမိုကရေစီ စနစ်ကို ကျင့်သုံးခဲ့ကြောင်း၊ လွတ်လပ်ရေးရပြီးနောက် ၁၉၄၇ ခုနှစ်တွင် တိုင်းပြုပြည်ပြုလွှတ်တော်က အတည်ပြုရေးဆွဲခဲ့သည့် ဖွဲ့စည်းပုံအုပ်ချုပ်ပုံအခြေခံဥပဒေ(၁၉၄၇ ခုနှစ်)ကို ကျင့်သုံးခဲ့ကြောင်း။
- နိုင်ငံတော်၌ ဆိုရှယ်လစ်စနစ်ကျင့်သုံးနိုင်ရေးအတွက် တော်လှန်ရေးကောင်စီ၏ မူဝါဒသဘောထားကြေညာချက်တွင် စတင်ဖော်ထုတ်လာသည်ကို သမိုင်းမှတ်တမ်းများ၌ တွေ့ရကြောင်း၊ ထိုသို့ဆောင်ရွက်ရခြင်းမှာလည်း နိုင်ငံရေးအရ အခက်အခဲနှင့် သမိုင်းကြောင်းများအပြင် စီးပွားရေးအရ အခက်အခဲနှင့် သမိုင်းကြောင်းများကြောင့် ဖြစ်ကြောင်း။

- ထိုသို့ အခက်အခဲ၊ အကျပ်အတည်းများ ဖြစ်ပေါ်နေမှုကို တပ်မတော်ခေါင်းဆောင်များက သတိထားတွေ့မြင်ခဲ့ပြီး တိုင်းပြည်၏အနာဂတ်အရေးအတွက် မျှော်တွေးထိန်းသိမ်းဆောင်ရွက်ခဲ့ရကြောင်း။
- ဆိုရှယ်လစ်စနစ်၏ အားနည်းချက်၊ စီမံခန့်ခွဲမှု အားနည်းချက်တို့ကြောင့် စီးပွားရေးကျဆင်းခဲ့ကာ ၁၉၈၈ ခုနှစ် အရေးအခင်း ဖြစ်ပေါ်လာခဲ့ကြောင်း၊ အရေးအခင်းဖြစ်ပွားခဲ့ရခြင်းသည် နိုင်ငံရေးပဋိပက္ခများထက် စီးပွားရေးကျဆင်းခဲ့ရမှုများကြောင့် အခြေခံပြီးဖြစ်သည်ကို တွေ့ရှိရကြောင်း။
- ၁၉၈၈ ခုနှစ်နောက်ပိုင်း ဒီမိုကရေစီစနစ်ကို ကျင့်သုံးနိုင်ရန် မိမိတို့နိုင်ငံနှင့်ကိုက်ညီသည့် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲနိုင်ရေး တပ်မတော်မှ ဦးဆောင်၍ ဆောင်ရွက်ခဲ့ရကြောင်း။
- ၂၀၁၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ ပထမအကြိမ်ရွေးကောက်ပွဲတွင် အနိုင်ရရှိသည့် ပါတီမှ ဒီမိုကရေစီအစိုးရတစ်ရပ် တက်လာခဲ့ပြီး တပ်မတော်အနေဖြင့် လက်တွဲညီညီ ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း။
- ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် အနိုင်ရရှိပြီး တက်လာသည့် ဒီမိုကရေစီအစိုးရ ဒုတိယသက်တမ်းတွင် တပ်မတော်အနေဖြင့် ဖြတ်သန်းတွေ့ကြုံခဲ့ရသည့် နိုင်ငံရေးအတွေ့အကြုံများအရ ဖြစ်သင့်ဖြစ်ထိုက်သည်များ၊ လုပ်သင့်လုပ်ထိုက်သည်များကို အကြံဉာဏ်ပေးခြင်း၊ ကူညီပေးခြင်းများ ဆောင်ရွက်ခဲ့သော်လည်း ထိရောက်မှုအားနည်းသည်ကို တွေ့ရှိခဲ့ရကြောင်း။
- ကိုဗစ်-၁၉ ရောဂါဖြစ်ပေါ်ခဲ့ချိန်တွင်လည်း အုပ်ချုပ်သူအစိုးရအဖွဲ့အနေဖြင့် အကျပ်အတည်းများစွာ ဖြစ်ပေါ်ခဲ့သဖြင့် တပ်မတော်မှ ကူညီဖြေရှင်းပေးခဲ့ရကြောင်း။
- ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် မဲစာရင်းကွဲလွဲမှုများကို ဖြေရှင်းဆောင်ရွက်ပေးရန် တပ်မတော်မှ ပြောကြားခဲ့သော်လည်း ဆောင်ရွက်ပေးခြင်းမရှိသည့်အပြင် အတည်ပြုနိုင်ခြင်းမရှိသော လွှတ်တော်ကိုယ်စားလှယ်များဖြင့် လွှတ်တော်ခေါ်ယူ၍ နိုင်ငံတော်အာဏာကို အဓမ္မရယူရန် လုပ်ဆောင်လာခဲ့သောကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တပ်မတော်မှ နိုင်ငံတော်၏တာဝန်များကို ဝင်ရောက်ထိန်းသိမ်းဆောင်ရွက်ခဲ့ရခြင်းဖြစ်ကြောင်း။
- ထိုသို့ဆောင်ရွက်ခဲ့ခြင်းသည် နိုင်ငံတော်မှ လျှောက်လှမ်းနေသည့်၊ ပြည်သူလူထုမှ လိုလားသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းခိုင်မာရေးအတွက်သာဖြစ်ပြီး မိမိတို့အနေဖြင့် အဆိုပါလမ်းကြောင်းပေါ်မှ သွေဖည်အောင် ဆောင်ရွက်မည်မဟုတ်ကြောင်း။
- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်တွင် နောက်ဆုံးအချက်ဖြစ်သည့် "**အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်**" ဟူသည့်အချက်အား မဖြစ်မနေ အကောင်အထည်ဖော်ဆောင်ပေးသွားမည်ဖြစ်ကြောင်း။
- တစ်ဦးချင်းတာဝန်ထမ်းဆောင်မှုနှင့်ပတ်သက်၍ မိမိတို့ကို ပေးအပ်လာသည့် တာဝန်များကို ထမ်းဆောင်ရာ၌ မိမိကိုယ်ကို သစ္စာရှိရမည်၊ မိမိအလုပ်ကို သစ္စာရှိရမည်၊ မိမိမိသားစုကို သစ္စာရှိရမည်၊ နိုင်ငံတော်အပေါ် သစ္စာရှိရမည်ဖြစ်ကြောင်း၊ မိမိကိုယ်ကို၊ မိမိတပ်မတော်အပေါ်၊ မိမိနိုင်ငံတော်အပေါ် ယုံကြည်ချက်ခံယူချက် မြင့်မားရမည်ဖြစ်ကြောင်း မှာကြားခဲ့။

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်၊ ကာကွယ်ရေး ဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ရုံး၊ ဌာနအသီးသီးတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အရာရှိငယ်များ တက်ရောက်ခဲ့ကြကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၇-၆-၂၀၂၃)**

- နိုင်ငံ၏ ယဉ်ကျေးမှုစရိုက်လက္ခဏာ၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်မပျက်အောင် ထိန်းသိမ်းဆောင်ရွက်ခြင်းသည် အမျိုးသားနိုင်ငံရေးဖြစ်ပြီး နိုင်ငံ၏အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ခြင်းပင်ဖြစ်။
- အမျိုးသားနိုင်ငံရေးနှင့် အမျိုးသားအကျိုးစီးပွားကို ဆောင်ရွက်ရာတွင် နိုင်ငံ၏သမိုင်းကြောင်းကို မှန်မှန်ကန်ကန် သိရှိထားမှသာ မိမိတို့၏ အမျိုးသားနိုင်ငံရေးတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်မည်ဖြစ်။
- ၁၉၈၈ ခုနှစ်နောက်ပိုင်း ဒီမိုကရေစီစနစ်ကို ကျင့်သုံးနိုင်ရန် မိမိတို့နိုင်ငံနှင့် ကိုက်ညီသည့် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲနိုင်ရေး တပ်မတော်မှဦးဆောင်၍ ဆောင်ရွက်ခဲ့။
- ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် အနိုင်ရရှိပြီး တက်လာသည့် ဒီမိုကရေစီအစိုးရ ဒုတိယသက်တမ်းတွင် တပ်မတော်အနေဖြင့် ဖြတ်သန်းတွေ့ကြုံခဲ့ရသည့် နိုင်ငံရေးအတွေ့အကြုံများအရ ဖြစ်သင့်ဖြစ်ထိုက်သည်များ၊ လုပ်သင့်လုပ်ထိုက်သည်များကို အကြံဉာဏ်ပေးခြင်း၊ ကူညီပေးခြင်းများ ဆောင်ရွက်ခဲ့သော်လည်း ထိရောက်မှုအားနည်းသည်ကို တွေ့ရှိခဲ့ရ။
- ကိုဗစ်-၁၉ ရောဂါဖြစ်ပေါ်ခဲ့ချိန်တွင်လည်း အုပ်ချုပ်သူအစိုးရအဖွဲ့အနေဖြင့် အကျပ်အတည်းများစွာ ဖြစ်ပေါ်ခဲ့သဖြင့် တပ်မတော်မှ ကူညီဖြေရှင်းပေးခဲ့ရ။
- မိမိတို့အနေဖြင့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်မှ သွေဖည်အောင် ဆောင်ရွက်မည်မဟုတ်။
- “အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမို ကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်” ဟူသည့်အချက်အား မဖြစ်မနေ အကောင်အထည်ဖော်ဆောင်ပေးသွားမည်ဖြစ်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အားကစားပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြသည့် မြန်မာအားကစားအဖွဲ့များအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်

ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပသည့် (၁၂) ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲနှင့် အင်ဒိုနီးရှားနိုင်ငံ၌ကျင်းပသည့် (၁၇) ကြိမ်မြောက် အရှေ့တောင်အာရှ (ဖိတ်ခေါ်) ကာယဗလနှင့်ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲတို့တွင် ဆုတံဆိပ်ရရှိခဲ့သည့် မြန်မာအားကစားအဖွဲ့များအား နိုင်ငံတော်မှ ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနားကို ဇွန်လ ၁၇ ရက်တွင် နေပြည်တော်၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားပြီး ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အဖွင့်အမှာစကားပြောကြားရာတွင်-

- အားကစားလှုပ်ရှားမှုသည် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးကို ရှေးရှုသည်ဆိုသော်လည်း ယခုကဲ့သို့ နိုင်ငံတကာ အားကစားပြိုင်ပွဲများ၌ အောင်မြင်မှုသည် နိုင်ငံနှင့်





လူမျိုး၏ဂုဏ်သိက္ခာကို နိုင်ငံတကာအလယ်တွင် ထည်ဝါခန့်ညားစေပြီး နိုင်ငံ့ဂုဏ်ကို မြှင့်တင်ပေးခြင်းပင်ဖြစ်ကြောင်း။

- မြန်မာနိုင်ငံအတွင်း၌ ၂၀၁၉ ခုနှစ် ကြားဖြတ် လူဦးရေသန်းခေါင်စာရင်းအရ နိုင်ငံ့လူဦးရေ၏ ၁၂ ဒသမ ၈ ရာခိုင်နှုန်း၊ လူဦးရေ ၅ ဒသမ ၉၆၈ သန်းကျော်သည် မသန်စွမ်းသူများဖြစ်ကြသည်ဟုလည်း သိရကြောင်း။
- မြန်မာနိုင်ငံတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ၏ ပုဒ်မ (၃၂)၊ ပုဒ်မခွဲ (က) အရ နိုင်ငံတော်အနေဖြင့် မသန်မစွမ်းသူများအား ကြည့်ရှုစောင့်ရှောက်ရမည်ဟု ပြဋ္ဌာန်းထားသည့်အတွက် မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေကို ၂၀၁၅ ခုနှစ် တွင် ပြဋ္ဌာန်းခဲ့ကာ မသန်စွမ်းသူများ၏ ပညာရေး၊ ကျန်းမာရေး၊ ပြုစုပျိုးထောင်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းရရှိရေးစသည့် လိုအပ်ချက်များကို အလေးထား ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း။
- အာဆီယံမသန်စွမ်းသူများ အားကစားအဖွဲ့ချုပ် ASEAN Para Sports Federation (APSF)ကို မြန်မာနိုင်ငံအနေဖြင့်လည်း အဖွဲ့ဝင်နိုင်ငံအဖြစ်ပါဝင်ခဲ့ပြီး မသန်စွမ်းသူများအားကစားပြိုင်ပွဲတိုင်းကို ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း။
- မြန်မာနိုင်ငံအနေဖြင့် ယခု (၁၂) ကြိမ်မြောက်ပြိုင်ပွဲတွင် အားကစားနည်း(၈)နည်း၊ အားကစားသမား(၈၂)ဦးနှင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြရာ ပြေးခုန်ပစ်၊ ရေကူးအားကစားနည်းတို့မှ ရွှေတံဆိပ်(၁၅)ခု၊ ပြေးခုန်ပစ်၊ ရေကူး၊ အလေးမအားကစားနည်းတို့မှ ငွေတံဆိပ်(၂၂)ခု၊ ပြေးခုန်ပစ်၊ ရေကူး၊ အလေးမ၊ စစ်တုရင်ပြိုင်ပွဲနှင့် ဂိုးလ်ဘောအားကစားနည်းများမှ ကြေးတံဆိပ်(၁၉)ခု၊ စုစုပေါင်းဆုတံဆိပ်(၅၆)ခု ရရှိပြီး ပြိုင်ပွဲဝင်(၁၁) နိုင်ငံအနက် အဆင့်(၆) ရရှိခဲ့ကြောင်း။
- ၂၀၂၃ ခုနှစ်၊ ဇွန်လ ၈ ရက်မှ ၁၂ ရက်အထိ အင်ဒိုနီးရှားနိုင်ငံ၊ ဘန်တန်ကျွန်းတွင် ကျင်းပပြုလုပ်ခဲ့သည့် (၁၇) ကြိမ်မြောက် (ဖိတ်ခေါ်) အရှေ့တောင်အာရှ ကာယဗလနှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲကို မြန်မာနိုင်ငံအပါအဝင် ဘရူနိုင်း၊ လာအို၊ ကမ္ဘောဒီးယား၊ ထိုင်း၊ အင်ဒိုနီးရှား၊ ဗီယက်နမ်နှင့် မလေးရှား စုစုပေါင်း ၈ နိုင်ငံတို့မှ အားကစားသမား ၈၀ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း။
- အဆိုပါ ပြိုင်ပွဲတွင် ရွှေတံဆိပ် ၁ ခု၊ ငွေတံဆိပ် ၃ ခု၊ ကြေးတံဆိပ် ၃ ခု၊ စုစုပေါင်း ဆုတံဆိပ် ၇ ခု ရယူပေးနိုင်ခဲ့သည့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများကို ဂုဏ်ပြုဆုငွေများ ထည့်သွင်းချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က (၁၂) ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများအားကစားပြိုင်ပွဲမှ ရေကူးအားကစားနည်းတွင် ရွှေတံဆိပ် ၃ ခုနှင့် ငွေတံဆိပ် ၃ ခုရရှိခဲ့သည့် အမျိုးသားနှစ်ဦး၊ ပြေးခုန်ပစ်အားကစား နည်းတွင် ရွှေတံဆိပ် ၃ ခု၊ ငွေတံဆိပ် ၂ ခုနှင့် ကြေးတံဆိပ် ၂ ခု ရရှိခဲ့သည့် အမျိုးသားနှစ်ဦး၊ သံလုံးပစ်၊ လုံတံပစ်၊ သံပြားပစ်ပြိုင်ပွဲတို့တွင် ရွှေတံဆိပ် ၉ ခု၊ ငွေတံဆိပ် ၃ ခုနှင့် ကြေးတံဆိပ် ၁ ခုရရှိခဲ့သည့် အမျိုးသားလေးဦးနှင့် အမျိုးသမီးနှစ်ဦး၊ (၁၇) ကြိမ်မြောက် အရှေ့တောင်အာရှ(ဖိတ်ခေါ်) ကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားပြိုင်ပွဲမှ ရွှေတံဆိပ် ၁ ခု ရရှိခဲ့သည့် အမျိုးသားတစ်ဦးတို့အား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ပါသည်။

ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးက ပြေးခုန်ပစ်အားကစားနည်းများတွင် ငွေတံဆိပ် ၆ ခုရရှိခဲ့သည့် အမျိုးသားတစ်ဦးနှင့် အမျိုးသမီးနှစ်ဦး၊ အလေးမအားကစားနည်းတွင် ငွေတံဆိပ် ၂ ခု ရရှိခဲ့သည့် အမျိုးသမီးတစ်ဦးတို့ကိုလည်းကောင်း၊ တာဝန်ရှိသူများက ငွေတံဆိပ်၊ ကြေးတံဆိပ်ဆုများရရှိခဲ့ကြသည့် နိုင်ငံ့ဂုဏ်ဆောင် ဆုရအားကစားသမားများ၊ အုပ်ချုပ်မှုအဖွဲ့နှင့် နည်းပြများကိုလည်း



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် (၁၂) ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲ၌ ဆုရရှိခဲ့သူတစ်ဦးအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်နေမှု**

ကောင်း ဂုဏ်ပြုဆုငွေများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြပါသည်။

ထို့နောက် နိုင်ငံ့ဂုဏ်ဆောင်ဆုတံဆိပ်ရ အားကစားသမားများကိုယ်စား ကိုယ်စားလှယ်တစ်ဦးစီတို့က ကျေးဇူးတင်စကားပြောကြားခဲ့ပြီး နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များက နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများနှင့် နည်းပြများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ပါသည်။

ယနေ့ကျင်းပပြုလုပ်သည့် နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများ ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနားတွင် (၁၂) ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင် တစ်ဦးချင်းပြိုင်ပွဲများ၌ ရွှေတံဆိပ်ရရှိခဲ့သူများကို ငွေကျပ်သိန်း ၃၀၀၊ ငွေတံဆိပ်ရရှိခဲ့သူများကို ငွေကျပ်သိန်း ၂၀၀၊ ကြေးတံဆိပ်ရရှိခဲ့သူများကို ငွေကျပ်သိန်း ၁၀၀၊ အသင်းလိုက်ပြိုင်ပွဲများ၌ ကြေးတံဆိပ်ရရှိခဲ့ကြသည့် အသင်းသားတစ်ဦးလျှင် ငွေကျပ် ၃၅ သိန်းနှင့် အားကစားနည်းအလိုက် တာဝန်ယူဆောင်ရွက်ခဲ့ကြသည့် နည်းပြများနှင့် အုပ်ချုပ်သူများအား မိမိတို့အားကစားနည်းမှ ရွှေတံဆိပ်ရရှိခဲ့ပါက တစ်ဦးလျှင် ငွေကျပ် သိန်း ၁၀၀၊ ငွေတံဆိပ်ရရှိခဲ့ပါက ငွေကျပ်သိန်း ၅၀ ၊ ကြေးတံဆိပ်ရရှိခဲ့ပါက ငွေကျပ်သိန်း ၃၀ စီပေးအပ်ချီးမြှင့်ခဲ့ရာ စုစုပေါင်းချီးမြှင့်ငွေအနေဖြင့် ငွေကျပ် ၁၂,၂၉၅ သိန်းဖြစ်ကြောင်းနှင့် (၁၇)ကြိမ်မြောက် အရှေ့တောင်အာရှ(ဖိတ်ခေါ်) ကာယဗလနှင့်ကာယကြံ့ခိုင်မှုအားကစားပြိုင်ပွဲတွင် ရွှေတံဆိပ်ရရှိခဲ့သူများကို ငွေကျပ်သိန်း ၁၀၀၊ ငွေတံဆိပ်ရရှိခဲ့သူများကို ငွေကျပ်သိန်း ၇၀၊ ကြေးတံဆိပ်ရရှိခဲ့သူများကို ငွေကျပ်သိန်း ၅၀၊ နည်းပြများနှင့် အုပ်ချုပ်သူများကို ငွေကျပ်သိန်း ၅၀ ချီးမြှင့်ခဲ့ခြင်းဖြစ်သဖြင့် ဂုဏ်ပြုဆုငွေချီးမြှင့်မှု စုစုပေါင်းမှာ ငွေကျပ် ၁၂,၈၀၅ သိန်းဖြစ်ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၈-၆-၂၀၂၃)**

- **နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပသည့် (၁၂) ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲနှင့် အင်ဒိုနီးရှားနိုင်ငံ၌ကျင်းပသည့် (၁၇) ကြိမ်မြောက် အရှေ့တောင်အာရှ (ဖိတ်ခေါ်) ကာယဗလနှင့်ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲတို့တွင် ဆုတံဆိပ်ရရှိခဲ့သည့် မြန်မာအားကစားအဖွဲ့များအား ဂုဏ်ပြုဆုငွေများပေးအပ်ချီးမြှင့်ခဲ့။**
- **မြန်မာနိုင်ငံအနေဖြင့် ယခု (၁၂) ကြိမ်မြောက်ပြိုင်ပွဲတွင် အားကစားနည်း(၈)နည်း၊ အားကစားသမား(၈၂)ဦးနှင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြရာ ပြေးခုန်ပစ်၊ ရေကူးအားကစားနည်းတို့မှ ရွှေတံဆိပ်(၁၅)ခု၊ ပြေးခုန်ပစ်၊ ရေကူး၊ အလေးမအားကစားနည်းတို့မှ ငွေတံဆိပ်(၂၂)ခု၊ ပြေးခုန်ပစ်၊ ရေကူး၊ အလေးမ၊ စစ်တုရင်ပြိုင်ပွဲနှင့် ဂိုးလ်ဘောအားကစားနည်းများမှ ကြေးတံဆိပ်(၁၉)ခု၊ စုစုပေါင်းဆုတံဆိပ်(၅၆)ခု ရရှိပြီး ပြိုင်ပွဲဝင်(၁၁) နိုင်ငံအနက် အဆင့် (၆) ရရှိခဲ့။**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် (၁၇) ကြိမ်မြောက် အရှေ့တောင်အာရှ (ဖိတ်ခေါ်) ကာယဗလနှင့်ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲ၌ ဆုရရှိခဲ့သူတစ်ဦးအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်နေမှု



ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးက ဆုရအားကစားသမားတစ်ဦးအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်နေမှု

- (၁၇) ကြိမ်မြောက် (ဖိတ်ခေါ်) အရှေ့တောင်အာရှ ကာယဗလနှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲကို မြန်မာနိုင်ငံအပါအဝင် စုစုပေါင်း ၈ နိုင်ငံတို့မှ အားကစားသမား ၈၀ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ရွှေတံဆိပ် ၁ ခု၊ ငွေတံဆိပ် ၃ ခု၊ ကြေးတံဆိပ် ၃ ခု၊ စုစုပေါင်း ဆုတံဆိပ် ၇ ခု ရယူပေးနိုင်ခဲ့။
- ယနေ့ကျင်းပပြုလုပ်သည့် နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများ ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနားတွင် ဂုဏ်ပြုဆုငွေ ချီးမြှင့်မှုစုစုပေါင်းမှာ ငွေကျပ် ၁၂,၈၀၅ သိန်းဖြစ်။



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများနှင့် နည်းပြများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်နေမှု**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ရခိုင်ပြည်နယ်၊ စစ်တွေမြို့နယ်အတွင်း ကူညီကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများအား ကြည့်ရှုစစ်ဆေး

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ဇွန်လ ၁၄ ရက်တွင် ရခိုင်ပြည်နယ်၊ စစ်တွေမြို့နယ်အတွင်း ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများအား ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည်-

- စစ်တွေမြို့၊ ကုလားတန်ဘက်စုံသုံးဆိပ်ကမ်းတွင် ကုန်တင်သင်္ဘောများ ဆိုက်ရောက်နေမှု၊ မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ကူညီကယ်ဆယ်ရေးပစ္စည်းများနှင့် ပြန်လည်ထူထောင်ရေးပစ္စည်းများအား ကူညီကယ်ဆယ်ရေးအဖွဲ့များက ဆိပ်ကမ်းသို့သယ်ယူပို့ဆောင်နေမှုများကို ကြည့်ရှုအားပေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့။
- စစ်တွေတက္ကသိုလ်တွင် မုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားသည့် ဘွဲ့နှင်းသဘင်ခန်းမ ပြန်လည်ပြုပြင်တည်ဆောက်နေမှုနှင့် တက္ကသိုလ်ဝန်းအတွင်း ကူညီကယ်ဆယ်ရေးအဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့။
- စစ်တွေမြို့ ခုတင်-၅၀၀ ဆံ့ အထွေထွေရောဂါကုဆေးရုံကြီး၌ မိုခါမုန်တိုင်းဒဏ်ကြောင့် ပျက်စီးနေမှုအား ပြန်လည်ပြုပြင်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေး၍ ဆေးကုသမှုခံယူလျက်ရှိသည့် ရသေ့တောင်မြို့နယ်၊ ဒုံးပိုက်ကျေးရွာ၊ သက်တော် (၁၀၅) နှစ်၊ ဝါတော် (၈၅)ဝါရှိ ဒုံးပိုက်ဆရာတော် ဘဒ္ဒန္တဝဏ္ဏအား ဖူးမျှော်ကြည်ညိုကာ ကျန်းမာရေးအခြေအနေများကို မေးမြန်းလျှောက်ထားခဲ့ပြီး ဆေးရုံအတွင်း ဆေးကုသမှုခံယူလျက်ရှိသည့် ဒေသခံပြည်သူများကို တွေ့ဆုံနှုတ်ဆက်အားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခဲ့။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်သည် လောကာနန္ဒာစေတီတော်ဝန်းအတွင်း






ရှိ သာသနာ့ဗိမာန်၌ မိုခါမုန်တိုင်းကြောင့် ပျက်စီးခဲ့သော အပျက်အစီးများကို ရှုပ်ရှုပ်ချွံချွံ ရှင်းလင်းလုပ်အားပေးဆောင်ရွက်ခဲ့ကြသည့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ကူညီကယ်ဆယ်ရေးအဖွဲ့များနှင့် ပရဟိတအဖွဲ့များအား ဂုဏ်ပြုခြင်းအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားရာတွင်-

- ကိုယ်ကျိုးစွန့် အနစ်နာခံ၍ အနေအစားဆင်းရဲစွာဖြင့် မုန်တိုင်းထိခိုက်ခဲ့သော နေရာများတွင် အားတက်သရော ဝင်ရောက်ကူညီကြသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ ပရဟိတအဖွဲ့များအပေါ် အလျင်းသင့်သလို ဂုဏ်ပြုပေးရန် နိုင်ငံတော်ဝန်ကြီးချုပ် ကိုယ်တိုင်မှာကြားခဲ့ကြောင်း။
- ယခုကဲ့သို့ စွမ်းစွမ်းတမံဆောင်ရွက်မှုများကြောင့် မုန်တိုင်းတိုက်ခိုက်ပြီး ပျက်စီးဆုံးရှုံးမှုမြင်ကွင်းနှင့် ယခု(၁)လပြည့်ကာလ ပြန်လည်ထူထောင်ပြီးစီးမှုမြင်ကွင်းသည် ဝမ်းသာအားရကျေနပ်ဖွယ် ပြောင်းလဲနေသည်ကို တွေ့ရကြောင်း။
- နိုင်ငံတော်၏အစီအမံဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မြို့တွင်းနှင့်ရပ်ကွက်အလိုက် ပြည်သူများ ပူးပေါင်းဆောင်ရွက်ကြသည်ကို တွေ့ရသည့်အတွက် အသိအမှတ်ပြုကြောင်း။
- ဒေသအကျိုးဆောင်ရွက်ရာတွင် ပြည်သူသည် ထာဝရ၊ ဝန်ထမ်းသည် တစ်ခဏသာဖြစ်၍ မိမိဒေသအကျိုးအတွက် အပြည့်အဝပူးပေါင်း ဆောင်ရွက်ရန်လိုကြောင်း။
- ပညာရေးနှင့်ပတ်သက်၍ မုန်တိုင်းကြောင့် ကျောင်းပေါင်း ၁,၅၈၃ ကျောင်း ပျက်စီးဆုံးရှုံးဖြစ်ပေါ်ခဲ့သော်လည်း နိုင်ငံတော်ဝန်ကြီးချုပ်၏ အစီအမံအရ အထက်တန်းအဆင့်များ ဦးစားပေးပြင်ဆင်၍ ဇွန်လ ၁ ရက်နေ့အမီ ဖွင့်လှစ်မှုများ ပြုလုပ်ခဲ့ကြောင်း။
- နေ့စဉ်ကဏ္ဍအလိုက် လုပ်ဆောင်မှုများကို အခက်အခဲမရှိ ထိရောက်စွာ ဆောင်ရွက်နိုင်ရေး Disaster Management Centre-DMC မှ နေ့စဉ်ပုံမှန် အစည်းအဝေးပြုလုပ်၍ ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊ လမ်းညွှန်မှုပြုခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း။
- မုန်တိုင်းကြောင့် လူ ၁၄၈ ဦး သေဆုံးခဲ့ပြီး ငွေကျပ် ၅၂၂ ဘီလီယံခန့် ဆုံးရှုံးခဲ့ကြောင်း။
- နိုင်ငံတကာ၊ အာဆီယံနှင့် အိမ်နီးချင်းနိုင်ငံများက ဆုံးရှုံးမှုကြီးမားမည်ဟု မျှော်မှန်းထားသော်လည်း "ပြည့်အင်အားသည် ပြည်တွင်းမှသာရှိသည်" ဟူသော စကားနှင့်အညီ စည်းလုံးညီညွတ်မှုနှင့် ကောင်းမွန်သော ပူးပေါင်းဆောင်ရွက်မှုတို့ကြောင့် ထိခိုက်ဆုံးရှုံးမှု အနည်းဆုံးဖြစ်အောင် ပြင်ဆင်နိုင်သကဲ့သို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ မြန်ဆန်စွာ ဆောင်ရွက်နိုင်မှုများသည်လည်း စည်းလုံးညီညွတ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ကြောင့်ပင်ဖြစ်ကြောင်း ဖြင့် ပြောကြားခဲ့။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် မိုခါမုန်တိုင်းကြောင့် ပျက်စီးခဲ့သော အပျက်အစီးများကို ရှုပ်ရှုပ်ချွံချွံ ရှင်းလင်းလုပ်အားပေး ဆောင်ရွက်ခဲ့ကြသည့် ဌာနဆိုင်ရာ



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က စစ်တွေမြို့ ကုလားတန်ဘက်စုံသုံးဆိပ်ကမ်း၌ ကူညီကယ်ဆယ်ရေးပစ္စည်းများနှင့် ပြန်လည်ထူထောင်ရေးပစ္စည်းများကို ကူညီကယ်ဆယ်ရေးအဖွဲ့များက သယ်ယူပို့ဆောင်နေမှုများအား ကြည့်ရှုအားပေးနေမှု**

ဝန်ထမ်းများ၊ ကူညီကယ်ဆယ်ရေးအဖွဲ့များနှင့် ပရဟိတအဖွဲ့များကို ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်ခဲ့ပါသည်။

ပြန်လည်ထူထောင်ရေးလုပ်ငန်းများအား ရှုပ်ရှုပ်ချုံချုံ ရှင်းလင်းလုပ်အားပေးဆောင်ရွက်ခဲ့ကြသည့် ကူညီကယ်ဆယ်ရေးနှင့် ပရဟိတအဖွဲ့ စုစုပေါင်း (၂၈) ဖွဲ့တို့အား ဂုဏ်ပြုချီးမြှင့်ငွေမှာ ငွေကျပ် ၄၉၀ သိန်းဖြစ်ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၅-၆-၂၀၂၃)**

- **နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရခိုင်ပြည်နယ်၊ စစ်တွေမြို့နယ်အတွင်း ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများအား ကြည့်ရှုစစ်ဆေးခဲ့ပြီး ရှုပ်ရှုပ်ချုံချုံ ရှင်းလင်းလုပ်အားပေးဆောင်ရွက်ခဲ့ကြသည့် ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ကူညီကယ်ဆယ်ရေးအဖွဲ့များနှင့် ပရဟိတအဖွဲ့များအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုချီးမြှင့်ငွေကျပ် ၄၉၀ သိန်းအား ပေးအပ်ခဲ့။**
- **နိုင်ငံတော်၏အစီအမံဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မြို့တွင်းနှင့်ရပ်ကွက်အလိုက် ပြည်သူများ ပူးပေါင်းဆောင်ရွက်ကြသည်ကို တွေ့ရသည့်အတွက် အသိအမှတ်ပြု။**
- **မုန်တိုင်းကြောင့် လူ ၁၄၈ ဦး သေဆုံးခဲ့ပြီး ငွေကျပ် ၅၂၂ ဘီလီယံခန့် ဆုံးရှုံးခဲ့။**
- **နိုင်ငံတကာ၊ အာဆီယံနှင့် အိမ်နီးချင်းနိုင်ငံများက ဆုံးရှုံးမှုကြီးမားမည်ဟု မျှော်မှန်းထားသော်လည်း “ပြည့်အင်အားသည် ပြည်တွင်းမှသာရှိသည်” ဟူသော စကားနှင့်အညီ စည်းလုံးညီညွတ်မှုနှင့် ကောင်းမွန်သော ပူးပေါင်းဆောင်ရွက်မှုတို့ကြောင့် ထိခိုက်ဆုံးရှုံးမှု အနည်းဆုံးဖြစ်အောင် ပြင်ဆင်နိုင်သကဲ့သို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ မြန်ဆန်စွာ ဆောင်ရွက်နိုင်မှုများသည်လည်း စည်းလုံးညီညွတ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ကြောင့်ပင်ဖြစ်။**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က စစ်တွေမြို့၊ ကုတင်(၅၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီး၌ မိုခါမုန်တိုင်းဒဏ်ကြောင့်ပျက်စီးမှုအား ပြန်လည်ပြုပြင်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုနေမှု



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ဆေးရုံအတွင်း ဆေးကုသမှုခံယူလျက်ရှိသည့် ဒေသခံပြည်သူများအား တွေ့ဆုံနှုတ်ဆက်အားပေးစကားပြောကြားနေမှု



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က စစ်တွေမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသားကျောင်းသူများအား တွေ့ဆုံနှုတ်ဆက်အားပေးစကားပြောကြားနေမှု



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ဆေးရုံအတွင်း ဆေးကုသမှုခံယူလျက်ရှိသည့် ရသေ့တောင်မြို့နယ်မှ ဆရာတော်အား ဖူးမြော်ကြည်ညိုပြီး ကျန်းမာရေးအခြေအနေများကို မေးမြန်းလျှောက်ထားနေမှု




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က မိုခါမုန်တိုင်းကြောင့် ပျက်စီးခဲ့သော အပျက်အစီးများကို ရှပ်ရှပ်ချွံချွံ ရှင်းလင်းဆောင်ရွက်ခဲ့ကြသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်နေမှု

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ရခိုင်ပြည်နယ် သဘာဝဘေးပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

ရခိုင်ပြည်နယ် သဘာဝဘေးပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇွန်လ ၁၄ ရက်တွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး၌ ကျင်းပပြုလုပ်ခဲ့ရာ အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်ခဲ့ပါသည်။

အစည်းအဝေးသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ က ရခိုင်ပြည်နယ်အတွင်း သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်ခဲ့မှု




အပေါ် ကူညီကယ်ဆယ်ရေး၊ ပြန်လည်တည်ဆောက်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သည်များကို သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြခဲ့ပါသည်။ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် အဆိုပါရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီး အမှာစကားပြောကြားရာတွင်-

- စိုက်ပျိုးရေးနှင့်ပတ်သက်၍ ဒေသနှင့်ကိုက်ညီသော မျိုးစပါးများ အချိန်မီရောက်ရှိအောင် စီမံပေးလျက်ရှိပြီး မိုးစပါးထွန်ယက်ရေးအသုံးပြုနိုင်ရန်အတွက် စက်မှုလယ်ယာဦးစီးဌာနမှ ရခိုင်ပြည်နယ်အတွင်း လိုအပ်သောမြို့နယ်များသို့ လယ်ထွန်စက် ၈၅ စီးဖြင့် ထွန်ထယ်လုပ်ငန်းများကို ဆောင်ရွက်သွားရန် စီမံထားပြီးဖြစ်ကြောင်း။
- ဝန်ကြီးဌာနအလိုက် အဆောက်အဦများပြုပြင်ရာတွင် ငွေကြေးသုံးစွဲမှုနှင့်ပတ်သက်၍ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ရန်လိုပြီး ဝန်ကြီးချုပ်၏ မူဝါဒဖြစ်သော မူလအခြေအနေထက် ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်သွားရန်လိုကြောင်း။
- စားသောက်ကုန်နှင့်ပတ်သက်၍ ပြည်သူအားလုံး လုံလောက်စွာ စားသောက်နိုင်ရေးစီမံဆောင်ရွက်လျက်ရှိပြီး ဒေသတွင်း ကုန်စျေးနှုန်းကြီးမြင့်မှုမရှိစေရေး စားသောက်ကုန်ထုတ်လုပ်မှုနှင့်ပတ်သက်ပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများအား တစ်ပိုင်တစ်နိုင်နှင့် တစ်အုပ်တစ်မစီးပွားဖြစ် ထုတ်လုပ်နိုင်စေရန် ပြည်နယ်အစိုးရအဖွဲ့နှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့မှ စတင်ပေါင်းစပ်ဆောင်ရွက်ရန်လိုကြောင်း။
- ဆက်သွယ်ရေးကဏ္ဍဆောင်ရွက်မှုအနေဖြင့် ရေဒီယိုစခန်း ၁,၂၃၃ ခုရှိသည့်အနက် ၈၉၂ ခုပြန်လည်ပြင်ဆင်ခဲ့ပြီးဖြစ်၍ ၉၉ ဒသမ ၀၃ ရာခိုင်နှုန်း ဆောင်ရွက်ပြီးဖြစ်ရာ ရာနှုန်းပြည့်ပြီးစီးအောင် ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။
- လျှပ်စစ်ကဏ္ဍအနေဖြင့် ပုဏ္ဏားကျွန်း - စစ်တွေ အမှတ် (၁) ဓာတ်အားလိုင်းမှ ဇွန်လ ၆ ရက်တွင် စစ်တွေ ၆၆ ကေဗွီ ဓာတ်အားခွဲရုံ အမှတ် (၁) သို့လည်းကောင်း၊ ဇွန်လ ၈ ရက်တွင် စစ်တွေဓာတ်အားခွဲရုံ အမှတ် (၂) ဆတ်ရိုးကျ ဓာတ်အားခွဲရုံသို့လည်းကောင်း ဓာတ်အားများပို့လွှတ်ခဲ့ပြီး စုစုပေါင်းထရန်စဖော်မာ ၂၄၅ လုံးဖြင့် စစ်တွေမြို့အတွင်း ရပ်ကွက် ၃၃ ရပ်ကွက်သို့ ရာနှုန်းပြည့် ဓာတ်အားဖြန့်ဖြူးပေးနိုင်ခဲ့သည့်အပြင် ဇွန်လ ၇ ရက်တွင် ပုဏ္ဏားကျွန်းရှိ မြို့ပေါ်ရပ်ကွက်အားလုံးသို့ ရာနှုန်းပြည့် ဓာတ်အားဖြန့်ဖြူးပေးနိုင်သည်ကို တွေ့ရှိရပြီး ကျန်ရခိုင်ပြည်နယ်အတွင်း မြို့နယ်များအား ဇူလိုင်လပထမပတ်အပြီး လျှပ်စစ်ဓာတ်အား အမြန်ဆုံးပေးနိုင်ရန် ကြိုးပမ်းဆောင်ရွက်ရန်လိုကြောင်း။
- ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် မုန်တိုင်းဒဏ်သင့်ဒေသများတွင် သောက်သုံးရေသန့်ရရှိရေးအတွက် ရွေ့လျားရေသန့်စင်ကား ၆ စီးကို စစ်တွေ၊ မင်းပြား၊ ရသေ့တောင်မြို့များတွင် ဖြန့်ခွဲထားပြီး တစ်ရက်လျှင် ရှစ်နာရီကြာ ရေဂါလန် ၃၂,၀၀၀ ခန့် ဖြန့်ဝေပေးလျက်ရှိကြောင်း။
- စစ်တွေမြို့နယ်ရှိ အစိုးရနည်းပညာအထက်တန်းကျောင်း၊ စစ်တွေတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်များတွင် လိုအပ်သော သန့်ရှင်းရေးနှင့် အဆောက်အဦပြင်ဆင်ခြင်းများ ဆောင်ရွက်ခဲ့ပြီး ဇွန် ၁ ရက်မှစ၍ စတင်ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း။
- ရခိုင်ပြည်နယ်အတွင်း မြို့နယ် ၁၇ မြို့နယ်တွင်ရှိသော ပြည်သူလူထုများအား မြို့နယ်ဆေးရုံများနှင့် တိုက်နယ်

ဆေးရုံများတွင် အထူးကုဆေးအဖွဲ့နှစ်ဖွဲ့၊ အရေးပေါ်တုံ့ပြန်ရေးဆေးအဖွဲ့ ရှစ်ဖွဲ့ဖြင့် မေလ ၁၆ ရက်မှစတင်၍ ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးလျက်ရှိကြောင်း။

- သဘာဝဘေးဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော လမ်း၊ တံတားများတွင် လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်မှုမရှိစေဘဲ အမြန်ဆုံးဖြတ်သန်းသွားလာနိုင်ရန်အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနက မေလ ၁၈ ရက်မှစတင်၍ လမ်း၊ တံတားများကို စတင်ပြန်လည်တည်ဆောက်လျက်ရှိကြောင်း။
- နိုင်ငံတကာ၏ ကူညီကယ်ဆယ်ရေးပစ္စည်းများ ပေးပို့လှူဒါန်းမှုနှင့်ပတ်သက်ပြီး ဆောင်ရွက်ပြီး/ ဆောင်ရွက်ဆဲလုပ်ငန်းများအား IDP များနှင့် ဘင်္ဂါလီများအပေါ် ထောက်ပံ့ပေးမှုများအနေဖြင့် ပြည်နယ်အစိုးရ ခွင့်ပြုချက်ရယူ၍ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားရန်လိုကြောင်း။
- မိုခါမုန်တိုင်းဒဏ်ခံရသည့်နေရာများသို့ ကယ်ဆယ်ရေး၊ ကူညီရေး၊ ထောက်ပံ့ရေးပစ္စည်းများကို အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနမှတစ်ဆင့် နိုင်ငံ၏ ဗဟိုချက်ဖြစ်သော ရန်ကုန်တိုင်းဒေသကြီး၊ DMC သို့ ပေးအပ်လှူဒါန်းနိုင်ပြီး ထိုအဖွဲ့မှတစ်ဆင့် ရေယာဉ်၊ လေယာဉ်များဖြင့် ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့ရှိ ဖြန့်ဝေစေလိုသော လိုအပ်သည့်နေရာများကို ဆက်လက်ဖြန့်ဖြူးဆောင်ရွက်ပေးမည်ဖြစ်ကြောင်း။
- နိုင်ငံတကာအကူအညီများနှင့်ပတ်သက်၍ စနစ်တကျရှိစေရေး On-Side Operation Coordination Centre ဖွဲ့စည်းဆောင်ရွက်ခဲ့ခြင်းများရှိ၍ အပြည့်အဝ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း။
- ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ ဒေသခံပြည်သူများ အမြန်ဆုံး စိတ်အေးချမ်းသာစွာဖြင့် မိမိလုပ်ငန်းများလုပ်ကိုင်နိုင်ရေး နိုင်ငံတော်အဆင့်၊ ပြည်နယ်အဆင့်၊ ခရိုင်/မြို့နယ်အဆင့်တို့မှ တာဝန်ရှိသူများနှင့်အတူ ပြည်သူများ တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ရန်လိုကြောင်း ပြောကြားခဲ့။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဒေါက်တာအောင်ကျော်မင်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၅-၆-၂၀၂၃)**

- **ဝန်ကြီးဌာနအလိုက် အဆောက်အဦများပြုပြင်ရာတွင် ငွေကြေးသုံးစွဲမှုနှင့်ပတ်သက်၍ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ရန်လိုပြီး ဝန်ကြီးချုပ်၏ မူဝါဒဖြစ်သော မူလအခြေအနေထက် ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်သွားရန်လို။**
- **နိုင်ငံတကာ၏ ကူညီကယ်ဆယ်ရေးပစ္စည်းများ ပေးပို့လှူဒါန်းမှုနှင့်ပတ်သက်ပြီး ဆောင်ရွက်ပြီး/ဆောင်ရွက်ဆဲလုပ်ငန်းများအား IDP များနှင့် ဘင်္ဂါလီများအပေါ် ထောက်ပံ့ပေးမှုများအနေဖြင့် ပြည်နယ်အစိုးရ ခွင့်ပြုချက်ရယူ၍ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားရန်လို။**
- **မိုခါမုန်တိုင်းဒဏ်ခံရသည့်နေရာများသို့ ကယ်ဆယ်ရေး၊ ကူညီရေး၊ ထောက်ပံ့ရေးပစ္စည်းများကို အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနမှတစ်ဆင့် ရန်ကုန်တိုင်းဒေသကြီး၊ DMC သို့ ပေးအပ်လှူဒါန်းနိုင်ပြီး ထိုမှတစ်ဆင့် ရေယာဉ်၊ လေယာဉ်များဖြင့် လိုအပ်သည့်နေရာများကို ဆက်လက်ဖြန့်ဖြူးသွားမည်ဖြစ်။**
- **ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ ဒေသခံပြည်သူများ မိမိလုပ်ငန်းများလုပ်ကိုင်နိုင်ရေး နိုင်ငံတော်အဆင့်၊ ပြည်နယ်အဆင့်၊ ခရိုင်/မြို့နယ် အဆင့်တို့မှ တာဝန်ရှိသူများနှင့်အတူ တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ရန်လို။**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း မောင်တော၊ ဘူးသီးတောင်၊ ရသေ့တောင်၊ မြောက်ဦး၊ မင်းပြားနှင့် ကျောက်ဖြူမြို့နယ်တို့ရှိ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ကူညီကယ်ဆယ်ရေး အဖွဲ့များအား သီးခြားစီတွေ့ဆုံ




**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် မောင်တောမြို့နယ်ရှိ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ကူညီကယ်ဆယ်ရေးအဖွဲ့များအား တွေ့ဆုံနေမှု**

စစ်တွေမြို့သို့ရောက်ရှိနေသော အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် အဖွဲ့ဝင်များလိုက်ပါ၍ ဇွန်လ ၁၄ ၊ ၁၅ နှင့် ၁၆ ရက်တို့တွင် မောင်တော၊ ဘူးသီးတောင်၊ ရသေ့တောင်၊ မြောက်ဦး၊ မင်းပြားနှင့် ကျောက်ဖြူမြို့နယ်များသို့ သွားရောက်၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမများ၌ ဌာနဆိုင်ရာများ၊ ကူညီကယ်ဆယ်ရေးအဖွဲ့များနှင့် ပရဟိတအဖွဲ့များအား သီးခြားစီတွေ့ဆုံအမှာစကားပြောကြားခဲ့ပါသည်။

ထို့နောက် မောင်တော၊ ဘူးသီးတောင်၊ ရသေ့တောင်၊ မြောက်ဦး၊ မင်းပြားနှင့် ကျောက်ဖြူမြို့နယ်တို့မှ ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ကြီးကြပ်ရန်တာဝန်ပေးအပ်ထားသည့် အရာရှိကြီးများက မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုများနှင့် ပြန်လည်ထူထောင်ရေးတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများ၊ ရိက္ခာပြတ်လပ်မှုမရှိစေရေးစီမံ ထားရှိမှု၊ မိုခါမုန်တိုင်းအလွန် ပြန်လည်ထူထောင်ရေးအတွက် Disaster Management Centre-DMC ၏ ဆောင်ရွက်နေမှုအခြေအနေများ၊ ရုံး/ဌာနဆိုင်ရာအဆောက်အဦများအလိုက် ဦးစားပေးဆောင်ရွက်နေမှုအခြေအနေများ၊ ပြည်သူများအားလုံး အမိုးအကာအောက်ရောက်ရှိရေး ဦးစားပေးဆောင်ရွက်နေသည့်အခြေအနေများ၊ မိုးရာသီတွင် စိုက်ပျိုးရေးအတွက် ထွန်ယက်မှုနှင့် မျိုးစေ့လိုအပ်မှုအတွက် စီမံဆောင်ရွက်ပေးမှုအခြေအနေများ၊ ပျက်စီးသွားသောကျောင်းများ အမြန်ပြန်လည်ပြင်ဆင်နေဆဲကာလတွင် ကျောင်းသားကျောင်းသူများ အမိုးအကာအောက်တွင် စာသင်ကြားနိုင်ရေးဆိုင်ရာ စီမံဆောင်ရွက်ခဲ့မှုအခြေအနေများ၊ မြို့နယ်များအလိုက် ဆက်သွယ်မှုကောင်းမွန်ရန် ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ရခိုင်ပြည်နယ်အတွင်း ၉၉ ရာခိုင်နှုန်းပြီးစီးခဲ့မှုအခြေအနေများကို တင်ပြခဲ့ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပါသည်။




**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် မြောက်ဦးမြို့နယ်ရှိ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ကူညီကယ်ဆယ်ရေးအဖွဲ့များအား တွေ့ဆုံနေမှု**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် မောင်တော၊ ဘူးသီးတောင်၊ ရသေ့တောင်၊ မြောက်ဦး၊ မင်းပြားနှင့် ကျောက်ဖြူမြို့နယ်တို့ရှိ ဘုန်းတော်ကြီးကျောင်းများသို့ သွားရောက်၍ ဆရာတော်၊ သံဃာတော်များအား ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်း၊ ဌာနဆိုင်ရာများ၊ ကူညီကယ်ဆယ်ရေးအဖွဲ့များနှင့် ပရဟိတအဖွဲ့များအား စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခြင်း၊ ပြည်သူ့ဆေးရုံများ၌ မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် အဆောက်အဦများအား ပြန်လည်ပြင်ဆင်နေမှုအခြေအနေများနှင့် ဆေးရုံတက်ရောက် ကုသမှုခံယူလျက်ရှိသည့် လူနာများအား စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများပေးအပ်ခြင်း၊ နယ်မြေခံတပ်ရင်းရှိ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုများအား သွားရောက်တွေ့ဆုံ အားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

ထို့အပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ရသေ့တောင်မြို့နှင့် မင်းပြားမြို့ရှိ အခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ပညာသင်ကြားနေမှုများကို လိုက်လံကြည့်ရှုအားပေးပြီး ဆရာ၊ ဆရာမများနှင့် တွေ့ဆုံဆွေးနွေးကာ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၇-၆-၂၀၂၃)**

- **နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က မောင်တော၊ ဘူးသီးတောင်၊ ရသေ့တောင်၊ မြောက်ဦး၊ မင်းပြားနှင့် ကျောက်ဖြူမြို့နယ်တို့တွင် မုန်တိုင်းတိုက်ခတ်မှုကြောင့် ဖြစ်ပေါ်ခဲ့ရသောပျက်စီးဆုံးရှုံးမှုများနှင့်ပတ်သက်၍ ပြန်လည်ထူထောင်ရေး တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီး နယ်မြေခံတပ်ရင်းရှိ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ နယ်ခြားစောင့် ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုများ၊ ဌာနဆိုင်ရာများ၊ ကူညီကယ်ဆယ်ရေးအဖွဲ့များနှင့် ပရဟိတအဖွဲ့များအား စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့။**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ကျောက်ဖြူမြို့ရှိ ဘုန်းတော်ကြီးကျောင်းသို့ သွားရောက်၍ ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းနေမှု



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် မောင်တောမြို့နယ်ရှိ ပြည်သူ့ဆေးရုံ၌ ဆေးကုသမှုခံယူလျက်ရှိသည့် လူနာများအား လိုက်လံကြည့်ရှုအားပေးနေမှု



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် မင်းပြားမြို့နယ်ရှိ ပြည်သူ့ဆေးရုံ၌ ဆေးကုသမှုခံယူလျက်ရှိသည့် လူနာများအား စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်နေမှု



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် မင်းပြားမြို့ရှိ အခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းသား၊
ကျောင်းသူများအား ရင်းရင်းနှီးနှီး အားပေးစကားပြောကြားနေမှု



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ရသေ့တောင်မြို့၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ
ဆောင်ရွက်ခဲ့သည့် ကူညီကယ်ဆယ်ရေးအဖွဲ့များနှင့် ပရဟိတအဖွဲ့များအား ချီးမြှင့်ငွေများ ပေးအပ်နေမှု



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဘူးသီးတောင်မြို့၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ
ဆောင်ရွက်ခဲ့သည့် ကူညီကယ်ဆယ်ရေးအဖွဲ့များနှင့် ပရဟိတအဖွဲ့များအား ချီးမြှင့်ငွေများ ပေးအပ်နေမှု

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း စစ်တွေမြို့ရှိ ခရစ်ယာန်ဘုရားရှိခိုးကျောင်းနှင့် သက္ကေယ်ပြင် IDP Camp တို့သို့ သွားရောက်ကြည့်ရှု



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် စစ်တွေမြို့ရှိ ခရစ်ယာန်ဘုရားရှိခိုးကျောင်း၌ အမှာစကားပြောကြားနေမှု

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် အဖွဲ့ဝင်များလိုက်ပါ၍ ဇွန်လ ၁၅ ရက်တွင် စစ်တွေမြို့ရှိ ရှင်မာကုကသီဒြယ် ခရစ်ယာန်ဘုရားရှိခိုးကျောင်းသို့ သွားရောက်၍ မုန်တိုင်းဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့်ဘုရားကျောင်း ပြန်လည်ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ဘုရားကျောင်း ကျောင်းထိုင်ဆရာတော်က မုန်တိုင်းကြောင့် ထိခိုက်ပျက်စီးမှုအခြေအနေများ၊ ပြန်လည်ပြုပြင်ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ဘာသာရေးဆိုင်ရာများ ဆွေးနွေးတင်ပြခဲ့ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ရှင်းလင်းတင်ပြမှုအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင်-

- နိုင်ငံတော်အနေနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ နှစ်သက်ရာ ဘာသာအပေါ် လွတ်လပ်စွာ ကိုးကွယ်ခွင့်ပေးထားသော်လည်း အားလုံးသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း နေထိုင်ကြသူများသာဖြစ်၍ နိုင်ငံတော်၏ သစ္စာကိုစောင့်သိရန်လိုကြောင်း။
- နိုင်ငံတော်ဝန်ကြီးချုပ်ဦးဆောင်မှုဖြင့် မိုခါမုန်တိုင်း၏ထိခိုက်မှုအပေါ် အမြန်ဆုံး ပြန်လည်ထူထောင်နိုင်ရန် အဖက်ဖက်မှ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။
- မုန်တိုင်းမတိုက်ခိုက်မီ ကြိုတင်ပြင်ဆင်ခဲ့မှုများကြောင့် မုန်တိုင်းမှာအလွန့်အလွန်ပြင်းထန်ခဲ့သော်လည်း ထိခိုက်ဒဏ်ရာရရှိမှု အနည်းဆုံးဖြင့် ရင်ဆိုင်နိုင်ခဲ့ခြင်းဖြစ်ကြောင်း။
- အဖထာဝရဘုရားရှင်၏ နာမတော်ကျေးဇူးတော်တို့ဖြင့် ဘာသာသာသနာအကျိုးကို အကောင်းဆုံးထမ်းဆောင်နိုင်စေရန် ဆန္ဒပြုပါကြောင်းဖြင့် ပြောကြားပြီး ခရစ်ယာန်ဘာသာရေးအဖွဲ့များအတွက် စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ပစ္စည်းများကို ပေးအပ်ခဲ့ပါသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် သက္ကေယ်ပြင် IDP Camp သို့သွားရောက်ကာ အဆိုပါ IDP Camp တွင် နေထိုင်သူများအားတွေ့ဆုံ၍

- နိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ ပြုနိုင်ငံသား မည်သူမဆို နိုင်ငံတော်၏အကောင်းအဆိုးမှန်သမျှကို အားလုံးဝေမျှခံစားရသည့် အခြေအနေများ၊
- ယခုအခါ မိုခါမုန်တိုင်း၏ ဘေးအန္တရာယ်ကိုလည်း ခံစားခဲ့ရသလို ပြန်လည်ထူထောင်ရေးလုပ်ငန်းများကိုလည်း တက်ညီလက်ညီဖြင့် ဝိုင်းဝန်းဆောင်ရွက်သွားရန် လိုအပ်သည့် အခြေအနေများ၊
- နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်ဖြစ်သော စားရေရိက္ခာ အဆင်ပြေစေရန်နှင့် အမိုးအကာအောက်တွင် လုံခြုံစွာ



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် စစ်တွေမြို့ရှိ သက်ကွေ့ယ်ပြင် IDP Camp ၌ နေထိုင်သူများအား အမှာစကားပြောကြားနေမှု**



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် စစ်တွေမြို့ရှိ ခရစ်ယာန်ဘုရားရှိခိုးကျောင်းမှ တာဝန်ရှိသူများအား စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်နေမှု**

နေထိုင်နိုင်ရေး အတတ်နိုင်ဆုံး ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများအား ရှင်းလင်းပြောကြားပြီး စားသောက်ဖွယ်ရာများ၊ ဟင်းသီးဟင်းရွက်မျိုးစေ့ထုတ်များနှင့် တာပေါ်လင်လိတ်များ ထောက်ပံ့ပေးအပ်ခဲ့ပါသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(မြဝတီသတင်းစာ ၁၆-၆-၂၀၂၃)**

- **နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်သည် ရခိုင်ပြည်နယ်၊ စစ်တွေမြို့ရှိ ရှင်မာကုကသီဒြယ် ခရစ်ယာန်ဘုရားရှိခိုးကျောင်းနှင့် သက်ကွေ့ယ်ပြင် IDP Camp သို့သွားရောက်တွေ့ဆုံ၍ စားသောက်ဖွယ်ရာများ၊ ဟင်းသီးဟင်းရွက်မျိုးစေ့များနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်ခဲ့။**



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် စစ်တွေမြို့ရှိ သက္ကေယ်ပြင် IDP Camp မှ တာဝန်ရှိသူတစ်ဦးအား စားသောက်ဖွယ်ရာများနှင့် တာပေါ်လင်လိပ်များ ထောက်ပံ့ပေးအပ်နေမှု**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း စစ်တွေတပ်နယ်နှင့် ရသေ့တောင်တပ်နယ်တို့ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံ

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် အဖွဲ့ဝင်များ လိုက်ပါ၍ ဇွန်လ ၁၅ ရက်တွင် စစ်တွေတပ်နယ်နှင့် ရသေ့တောင်တပ်နယ်တို့ရှိ နယ်မြေခံတပ်ရင်းများအား လိုက်လံကြည့်ရှုစစ်ဆေးပြီး အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအားပေးစကားပြောကြားခဲ့ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က တပ်နယ်များမှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တပ်နယ်ခန်းမများတွင် သီးခြားစီ တွေ့ဆုံ၍ အမှာစကားပြောကြားရာတွင်-

- အရာရှိ၊ စစ်သည်၊ မိသားစုများအနေဖြင့် လေတိုက်နှုန်း ၁ နာရီ ၁၂၀ ခန့် တိုက်ခိုက်ခဲ့သည့် မိုခါမုန်တိုင်းဒဏ်ကို ကြံ့ကြံ့ခိုင်၍ ကျော်ဖြတ်ခဲ့ပြီးဖြစ်ကြောင်း။
- တပ်မတော်သားများအနေဖြင့် အထက်မှ ပေးအပ်သောတာဝန်ကို (၂၄)နာရီ တာဝန်ထမ်းဆောင်နေကြသူများဖြစ်၍ မိသားစုအတွက် နောက်ဆံမတင်းဘဲ တာဝန်ထမ်းဆောင်နိုင်ရန် လိုအပ်ကြောင်း၊ ထိုသို့ တာဝန်ထမ်းဆောင်နိုင်ရန် မိသားစု လုံလုံခြုံခြုံနေထိုင်စားသောက်နိုင်ရန် တာဝန်ရှိသူများက စီမံပေးရန်လိုကြောင်း။
- စားသောက်ရေးသည် အရေးကြီးဆုံးဖြစ်ပြီး တပ်မတော်မှ ချမှတ်ပေးထားသော စိုက်ပျိုးမွေးမြူရေးလမ်းညွှန်ချက်များနှင့်အညီ တပ်ပိုင်နှင့် တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ယခုနှစ်စိုက်ပျိုးရေးရာသီအတွင်း ပြန်လည် စိုက်ပျိုးနိုင်ရန်အထိ ကြိုးပမ်းသွားရန်နှင့် လိုအပ်သောမျိုးများကိုလည်း တစ်ပါတည်း ပေးအပ်ခဲ့မည်ဖြစ်ကြောင်း။
- တစ်နာရီလျှင် မိုင် ၁၂၀ ထိ တိုက်ခိုက်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် မုန်တိုင်းဖြစ်သော်လည်း နိုင်ငံတော်အပိုင်းမှ ကြိုတင်ပြင်ဆင်မှု၊ အသိပညာပေးမှုများပြုလုပ်ခဲ့ခြင်းနှင့် အားလုံး၏ လိုက်ပါပူးပေါင်းဆောင်ရွက်ခဲ့ခြင်းကြောင့် ထိခိုက်ဆုံးရှုံးမှု အနည်းဆုံးသာကြုံတွေ့ခဲ့ရကြောင်း။
- တပ်မတော်သားမိသားစုဝင်များအနေဖြင့် ဆက်လက်ဆောင်ရွက်ရမည့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင်လည်း တက်တက်ကြွကြွဖြင့် ဆောင်ရွက်သွားရန်လိုကြောင်းဖြင့် ပြောကြားခဲ့ပါသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များက တပ်နယ်များမှ အရာရှိ၊ စစ်သည်၊ မိသားစု၊ ကူညီကယ်ဆယ်ရေးအဖွဲ့များအား စားသောက်ဖွယ်ရာများ၊ ထောက်ပံ့ငွေများနှင့် ဟင်းသီး



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် စစ်တွေတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား တွေ့ဆုံအမှာစကားပြောကြားနေမှု**



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် စစ်တွေတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်နေမှု**

ဟင်းရွက်မျိုးစေ့များအား ပေးအပ်ကြရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စစ်တွေမြို့ရှိ နယ်မြေခံဆေးတပ်ရင်းသို့ သွားရောက်၍ ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်၊ မိသားစုများအား လိုက်လံကြည့်ရှုအားပေးပြီး စားသောက်ဖွယ်ရာများ ပေးအပ်ကာ ဆေးရုံအတွင်း လိုက်လံကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၆-၆-၂၀၂၃)**

- **နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်သည် စစ်တွေ တပ်နယ်နှင့် ရသေ့တောင်တပ်နယ်တို့ရှိ နယ်မြေခံတပ်ရင်းများအား လိုက်လံကြည့်ရှုစစ်ဆေးပြီး အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံ၍ အားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများ၊ ဟင်းသီးဟင်းရွက်မျိုးစေ့များနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်ခဲ့။**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ရသေ့တောင်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအတွက် စားသောက်ဖွယ်ရာများ ပေးအပ်နေမှု



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် စစ်တွေမြို့ရှိ နယ်မြေခံဆေးတပ်ရင်း၌ ဆေးကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်၊ မိသားစုများအား အားပေးစကားပြောကြား၍ စားသောက်ဖွယ်ရာများ ပေးအပ်နေမှု

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ရခိုင်ပြည်နယ်အတွင်း မိုခါမုန်တိုင်းတိုက်ခိုက်မှုကြောင့် ပျက်စီးသွားသော ဘုန်းတော်ကြီးကျောင်းများနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများအတွက် အလှူငွေများပေးအပ်ပွဲသို့ တက်ရောက်

ရခိုင်ပြည်နယ်အတွင်း မိုခါမုန်တိုင်းတိုက်ခိုက်မှုကြောင့် ပျက်စီးသွားသော ဘုန်းတော်ကြီးကျောင်းများနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများအတွက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ စီစဉ်ကြီးကြပ်မှုဖြင့် အလှူရှင်များက လှူဒါန်းသည့် အလှူငွေများအား ပေးအပ်ပွဲကို ဇွန်လ ၁၆ ရက်တွင် ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ လောကာနန္ဒာစေတီတော်လိုဏ်ဂူအတွင်း၌ ကျင်းပပြုလုပ်ရာ စစ်တွေမြို့၊ နန္ဒရာမပရိယတ္တိစာသင်တိုက်၏ ပဓာနနာယကဆရာတော်အမှူးပြုသော သံဃာတော် အရှင်သူမြတ်များ ကြွရောက်တော်မူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များ၊ စေတနာရှင် အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် တက်ရောက်လာကြသူများက နန္ဒရာမပရိယတ္တိစာသင်တိုက်၏ ပဓာနနာယကဆရာတော်ထံမှ ငါးပါးသီ



ဆရာတော်ကြီးများထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းနေမှု






သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဇံက ရခိုင်ပြည်နယ်အတွင်း မိုခါမုန်တိုင်းတိုက်ခိုက်မှုကြောင့် ပျက်စီးသွားသော ဘုန်းတော်ကြီးကျောင်းများနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများအတွက် အလှူတော်ငွေကျပ် ၁,၀၆၀ သိန်းအား ပေးအပ်လှူဒါန်းရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်က လက်ခံရယူနေမှု

လခံယူဆောက်တည်ကြပြီး လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပါသည်။ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဇံက ရခိုင်ပြည်နယ်အတွင်း မိုခါမုန်တိုင်း တိုက်ခိုက်မှုကြောင့် ပျက်စီးသွားသော ဘုန်းတော်ကြီးကျောင်း များနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများအတွက် အလှူတော်ငွေကျပ် ၁,၀၆၀ သိန်းအားပေးအပ်လှူဒါန်းရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်က လက်ခံရယူခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၇-၆-၂၀၂၃)**

- **နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ရခိုင်ပြည်နယ်အတွင်း မိုခါမုန်တိုင်းတိုက်ခိုက်မှုကြောင့် ပျက်စီးသွားသော ဘုန်းတော်ကြီးကျောင်းများနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများအတွက် အလှူငွေများ ပေးအပ်ပွဲသို့ တက်ရောက်ခဲ့။**

# (၂၆) ကြိမ်မြောက် စိန့်ပီတာစဘတ် နိုင်ငံတကာစီးပွားရေးဖိုရမ်သို့ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်



**(၂၆) ကြိမ်မြောက် စိန့်ပီတာစဘတ် နိုင်ငံတကာစီးပွားရေးဖိုရမ်သို့ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်နေမှု**

ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် ဦးဆောင်သည့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်နှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေတို့ပါဝင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ စိန့်ပီတာစဘတ်မြို့၌ ဇွန်လ ၁၄ ရက်မှ ၁၇ ရက်အထိ ကျင်းပသည့် (၂၆) ကြိမ်မြောက် စိန့်ပီတာစဘတ် နိုင်ငံတကာ စီးပွားရေးဖိုရမ်သို့ တက်ရောက်ခဲ့ရာ-

- ဇွန်လ ၁၄ ရက် (ဖိုရမ်ပထမနေ့) တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ အရှေ့ဖျားဒေသရေကြောင်းသယ်ယူပို့ဆောင်ရေးနှင့် ထောက်ပံ့ပို့ဆောင်ရေးကုမ္ပဏီ FESCO Transportation and Logistics ကုမ္ပဏီမှ တာဝန်ရှိသူများနှင့်တွေ့ဆုံကာ ကုန်စည်ထောက်ပံ့ပို့ဆောင်ရေးနှင့် သယ်ယူပို့ဆောင်ရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှု အလားအလာများနှင့် ဗလာဒီဗော့စတော့ခ်ဆိပ်ကမ်းမှ မြန်မာနိုင်ငံရှိဆိပ်ကမ်းများသို့ ရေကြောင်းလမ်းအသုံးပြုဆက်သွယ်နိုင်မည့်အလားအလာများကို ဆွေးနွေးခဲ့။
- ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏သမ္မတအကြံပေး၊ ရော့စ်ကွန်ဂရက်ဖောင်ဒေးရှင်း၏ ဒုတိယဥက္ကဋ္ဌနှင့်အမှုဆောင်အတွင်းရေးမှူးဖြစ်သူ မစ္စတာအန်တွန်ကိုဗျာကော့ဗ်နှင့် ရော့စ်ကွန်ဂရက်ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့မှ ညွှန်ကြားရေးမှူးမစ္စတာအလက် ဇန်းဒါးဆာဂီးအ်ဗစ်ရှ် ရှာတီရော့ဗ်နှင့်ကိုယ်စားလှယ်အဖွဲ့နှင့်တွေ့ဆုံကာ မြန်မာနိုင်ငံတွင် နှစ်နိုင်ငံအကြားကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး၊ ခရီးသွားကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ သတ္တုကဏ္ဍ၊ စက်မှုကဏ္ဍ၊ လျှပ်စစ်ကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ ယဉ်ကျေးမှုနှင့်ပညာရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များအား ဆွေးနွေးခဲ့။
- ဥရောပ-အာရှစီးပွားရေးကော်မရှင်၊ မေခရိုစီးပွားရေးနှင့်ပေါင်းစည်းရေးဝန်ကြီး မစ္စတာဆီးဂေးရီယူရီရယ် ဗိချ်ဂလာဇီးရပ်စ်ကတည်ခင်းဧည့်ခံသည့် အလုပ်သဘော ညစာစားပွဲသို့တက်ရောက်၍ မြန်မာနိုင်ငံနှင့် ဥရောပ-အာရှစီးပွားရေးသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအကြား ကုန်သွယ်ရေး၊ စီးပွားရေးနှင့်ရင်းနှီးမြှုပ်နှံမှု ဖွံ့ဖြိုးတိုးတက်ရေး၊ ပူးပေါင်းဆောင်ရွက်မှု အရှိန်အဟုန်မြှင့်ဆောင်ရွက်ရေးနှင့် EAEU ၏ ဒေသတွင်း စီးပွားရေးပေါင်းစည်းဆောင်ရွက်မှုများအား လေ့လာရေးဆိုင်ရာကိစ္စရပ်များကို အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့။
- ဇွန်လ ၁၅ ရက် (ဖိုရမ်ဒုတိယနေ့)တွင် On the Road to Recycling: From Waste to Resources ဆွေးနွေးမှုအစီ



**(၂၆) ကြိမ်မြောက် စိန့်ပီတာစဘတ် နိုင်ငံတကာစီးပွားရေးဖိုရမ်သို့ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်နေမှု**

အစည်း၌ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က ဆွေးနွေးသူအဖြစ် ပါဝင်ဆောင်ရွက်ခဲ့ပြီး မြန်မာနိုင်ငံ၏ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှုများ၊ ဥပဒေနှင့်လုပ်ထုံးလုပ်နည်းများ၊ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုမဟာဗျူဟာနှင့်စီမံကိန်းများ၊ ရင်းနှီးမြှုပ်နှံမှုဥပဒေပါ သဘာဝပတ်ဝန်းကျင်ဆိုင်ရာကိစ္စရပ်များ၊ စိန်ခေါ်မှုများနှင့်ရှေ့ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ဆွေးနွေးခဲ့။

- (၂၆) ကြိမ်မြောက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ် နိုင်ငံတကာစီးပွားရေးဖိုရမ်တွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံဗဟိုဘဏ်ဥက္ကဋ္ဌ Ms.ELVIRA Nabiullina တို့ တွေ့ဆုံစဉ် နှစ်နိုင်ငံဗဟိုဘဏ်နှစ်ခုအကြား Capacity Building ဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံ Local Currency အသုံးပြုပြီး ငွေရေးကြေးရေးပူးပေါင်းဆောင်ရွက်နိုင်ရေးကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ ဒစ်ဂျစ်တယ်ငွေပေးချေမှု ဖြစ်ပေါ်တိုးတက်လာမှုအခြေအနေများ၊ Cross - Border Payment တွင် ဒစ်ဂျစ်တယ် Payment များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လိုအပ်ချက်များနှင့် လက်ရှိဆောင်ရွက်နေမှုများကို ဆွေးနွေးခဲ့။
- အီးအေအီးယူ-အာဆီယံ စီးပွားရေးဆိုင်ရာဆွေးနွေးပွဲသို့ ပါဝင်တက်ရောက်ခဲ့ပြီး ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးက အီးအေအီးယူနှင့် အာဆီယံအကြားစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုအခွင့်အလမ်းများနှင့် ရည်မှန်းချက်များ၊ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ၊ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းရေးဆိုင်ရာကိစ္စရပ်များနှင့် မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများကို ဆွေးနွေးခဲ့။
- ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး မစ္စတာ မာ့က်ခ်ဆင်ရယ် ရှယ်နီကိုဗ်နှင့် တွေ့ဆုံကာ ရုရှား-မြန်မာ နှစ်နိုင်ငံအကြား စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များနှင့် ရှေ့ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့် ဦးစားပေးကဏ္ဍများကို အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့။
- မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဖိုရမ်၏ Governor’s Lounge ရှိ Center-Inform JSC သို့ သွားရောက်လေ့လာခဲ့ပြီး သတင်းအချက်အလက်ဝန်ဆောင်မှုလုပ်ငန်းနှင့် လုံခြုံရေးလုပ်ငန်းများ၊ မြန်မာနိုင်ငံတွင် လုပ်ငန်းလုပ်ကိုင်နိုင်မည့် အခွင့်အလမ်းများနှင့် လုပ်ထုံးလုပ်နည်းများ၊ မြန်မာနိုင်ငံမှ ကုန်ပစ္စည်းများ တင်သွင်းရေးကိစ္စများနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့။
- ဇွန်လ ၁၆ ရက်တွင် ရုရှားပတ်ဝန်းကျင်ဆိုင်ရာဌာန အထွေထွေညွှန်ကြားရေးမှူး မစ္စတာဒန်းနစ်ဘတ်စေးအိဗ်တို့အဖွဲ့နှင့် တွေ့ဆုံကာ နှစ်နိုင်ငံအကြား လူ့ကျန်းမာရေးနှင့် ပတ်ဝန်းကျင်ကို ထိခိုက်စေသော သက်ရောက်မှုများကို တားဆီးရန်၊ စွမ်းအင်ထုတ်လုပ်ရန်အတွက် စွန့်ပစ်ပစ္စည်းများကို ပြန်လည်အသုံးပြုနိုင်ရန်၊ မြူနီစပယ်စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှုစနစ် ဖွံ့ဖြိုးတိုးတက်စေရန်နှင့် မြန်မာနိုင်ငံရှိ စွန့်ပစ်ပစ္စည်းများအား အမျိုးအစားခွဲခြားခြင်းဆိုင်ရာ စီမံ




**ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့တွင်ကျင်းပသည့် (၂၆)ကြိမ်မြောက် နိုင်ငံတကာ စီးပွားရေးဖိုရမ် (26th St.Petersburg International Economic Forum- SPIEF' 23)သို့ မြန်မာ ကိုယ်စားလှယ်အဖွဲ့တက်ရောက်နေမှု**

ကိန်းများတွင် ပူးပေါင်းဆောင်ရွက်ရန်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့။

- ဇွန်လ ၁၇ ရက်တွင် ရုရှား-အာဆီယံ စီးပွားရေးကောင်စီ ဥက္ကဋ္ဌ မစ္စတာ အိုင်ဗီယန် ဗီတိုရိုဗစ်ရှ် ပိုလီရာကော့ဗ်နှင့် တွေ့ဆုံပြီး ရုရှားနိုင်ငံနှင့် အာဆီယံနိုင်ငံများအကြား ဆောင်ရွက်လျက်ရှိသည့် စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ၊ ရုရှားနိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့။
- (၂၆) ကြိမ်မြောက် စိန့်ပီတာစဘတ် နိုင်ငံတကာစီးပွားရေး ဖိုရမ်၏ မျက်နှာစုံညီအစည်းအဝေးသို့ တက်ရောက်ခဲ့ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာ ဗလာဒီမာပူတင်နှင့် အယ်လ်ဂျီးရီးယားနိုင်ငံသမ္မတ အက်ဘ်ဒယ်လ်မက်ဂျစ်ဒ် တက်ဘ်ဘုန်းတို့က အဖွင့်မိန့်ခွန်းပြောကြားခဲ့ပြီး ရုရှားနိုင်ငံနှင့် ကမ္ဘာ့မျက်မှောက်ရေးရာကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးခဲ့။

အဆိုပါ ဖိုရမ်သို့ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် ပုဂ္ဂလိကဘဏ်များမှ ကိုယ်စားလှယ် ၂၄ ဦးပါဝင်တက်ရောက်ခဲ့ပြီး နိုင်ငံပေါင်း ၁၃၀ မှ ဧည့်သည်တော်ပေါင်း ၁၇,၀၀၀ ကျော် တက်ရောက်ခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၈-၆-၂၀၂၃)**

- **ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် (၂၆) ကြိမ်မြောက် စိန့် ပီတာစဘတ် နိုင်ငံတကာစီးပွားရေးဖိုရမ်သို့ တက်ရောက်ခဲ့ပြီး-**
  - ♦ **ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏သမ္မတအကြံပေး၊ ရော့စ်ကွန်ဂရက်ဖောင်ဒေးရှင်း၏ ဒုတိယဥက္ကဋ္ဌနှင့် ရော့စ်ကွန်ဂရက် ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့မှ ညွှန်ကြားရေးမှူးတို့နှင့်တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး၊ ခရီးသွားကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ သတ္တုကဏ္ဍ၊ စက်မှုကဏ္ဍ၊ လျှပ်စစ် ကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ ယဉ်ကျေးမှုနှင့်ပညာရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များအား ဆွေးနွေးခဲ့။**



(၂၆)ကြိမ်မြောက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ် နိုင်ငံတကာစီးပွားရေးဖိုရမ်သို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ တက်ရောက်နေမှု

- ♦ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး မစ္စတာ မာ့က်ခ်ဆင်ရယ် ရှယ်နီကို့ဗ်နှင့်တွေ့ဆုံစဉ် ရုရှား-မြန်မာ နှစ်နိုင်ငံအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များနှင့် ရှေ့ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့် ဦးစားပေးကဏ္ဍများကို အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့။
- ♦ ရုရှား-အာဆီယံ စီးပွားရေးကောင်စီဥက္ကဋ္ဌ မစ္စတာ အိုင်ဗီယန် ဗီတိုရိုဗစ်ရှ် ပိုလီရာကော့ဗ်နှင့် တွေ့ဆုံစဉ် ရုရှားနိုင်ငံနှင့် အာဆီယံနိုင်ငံများအကြား ဆောင်ရွက်လျက်ရှိသည့် စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ၊ နှစ်နိုင်ငံအကြား ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့။
- ♦ အဆိုပါ ဖိုရမ်သို့ မြန်မာကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် ပုဂ္ဂလိကဘဏ်များမှ ကိုယ်စားလှယ် ၂၄ ဦး ပါဝင်တက်ရောက်ခဲ့ပြီး နိုင်ငံပေါင်း ၁၃၀ မှ ဧည့်သည်တော်ပေါင်း ၁၇,၀၀၀ ကျော် တက်ရောက်ခဲ့။

## ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန် စိန့်ပီတာစဘတ်မြို့၌ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ စီးပွားရေးဖိုရမ်(၂၀၂၃) (SPIEF’23) သို့ တက်ရောက်ဆွေးနွေး

ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ ရောက်ရှိနေသော လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်သည် စိန့်ပီတာစဘတ်မြို့၌ ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ စီးပွားရေးဖိုရမ် ၂၀၂၃ (SPIEF’23) သို့ တက်ရောက်ခဲ့ပါသည်။ ပြည်ထောင်စုဝန်ကြီးသည် စီးပွားရေးဖိုရမ်သို့ တတ်ရောက်စဉ် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခဲ့ရာ-

- ဇွန်လ ၁၄ ရက်တွင် ပြည်ထောင်စုဝန်ကြီးသည် မြန်မာကိုယ်စားလှယ်အဖွဲ့နှင့်အတူ စိန့်ပီတာစဘတ်မြို့အနီးရှိ JSC Atomenergomash (AEM-Technologies 'Izhora') အပူစွမ်းအင်သုံးနှင့် နည်းပညာဆိုင်ရာ Service ဆောင်ရွက်ပေးနေသော အလုပ်ရုံအမှတ်(၃၃)(၃၄)အတွင်း၌ အပူစွမ်းအင်သုံး ဓာတ်အားပေးစက်ရုံတွင် အသုံးပြုဆောင်ရွက်နေသော ဘွိုင်လာနှင့် တာဘိုင်ပစ္စည်းများ ထုတ်လုပ်မှုနှင့်




တပ်ဆင်နေမှုများကို လေ့လာခဲ့ပြီး သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးခဲ့။

- ဇွန်လ ၁၅ ရက်တွင် ပြည်ထောင်စုဝန်ကြီးသည် မင်းလှ (၁၁၆ မဂ္ဂါဝပ်)၊ မင်းတုန်း (၅၆ မဂ္ဂါဝပ်) နှင့် ပုပ္ပား (၂၀၀ မဂ္ဂါဝပ်)တို့၏ လေအားလျှပ်စစ်စီမံကိန်းများအတွက် ဖြစ်မြောက်နိုင်စွမ်းလေ့လာမှု လုပ်ငန်းများဆောင်ရွက်ရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် Nova Wind JSC ၊ Primus Advanced Technologies Ltd.နှင့် Zeya & Associates Co.,Ltd. တို့ နားလည်မှုစာချွန်လွှာ (Memorandum of Understanding–MOU) လက်မှတ်ရေးထိုးပွဲအခမ်းအနားများသို့ တက်ရောက်ခဲ့ပြီး လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုအပိုင်းတွင် ယခုထက်ပိုမို ပူးပေါင်းဆောင်ရွက်နိုင်ရေးနှင့် နေရောင်ခြည်သုံးလျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုအပိုင်းတွင် ပူးပေါင်းဆောင်ရွက်နိုင်ရေးတို့အား ဆွေးနွေးခဲ့။
- ဇွန်လ ၁၆ ရက်တွင် ပြည်ထောင်စုဝန်ကြီးသည် Role of the Nuclear Industry in "Achieving Technological Sovereignty and Technologies of the future "ခေါင်းစဉ်ဖြင့် ကျင်းပသည့် မျက်နှာစုံညီအစည်းအဝေး၌ Nuclear Technology ကို ဓာတ်အားထုတ်လုပ်သည့်နေရာတွင် အသုံးပြုနိုင်မှုအကြောင်းများအား ပါဝင်ဆွေးနွေးခဲ့။
- မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် Nova Wind JSC နှင့်အတူ System Operator of the United Power System, Joint –stock Company ၏ Chairman of the Management Board, Mr. Ferdor Opadchiy နှင့် တွေ့ဆုံ၍ ဓာတ်အားစနစ် တည်ငြိမ်စွာ ထိန်းသိမ်းဆောင်ရွက်နိုင်ရေးအတွက် Power System Planning အပိုင်းတွင် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့။

ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့နှင့်အတူ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးလွင်ဦးတို့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ စိန့်ပီတာစဘတ်မြို့၌ ကျင်းပသည့် နိုင်ငံတကာစီးပွားရေးဖိုရမ်သို့ တက်ရောက်ခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၈-၆-၂၀၂၃)**

- **ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန် စိန့်ပီတာစဘတ်မြို့၌ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ စီးပွားရေးဖိုရမ်(၂၀၂၃) (SPIEF'23) သို့ တက်ရောက်ခဲ့ပြီး နေရောင်ခြည်သုံးလျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုအပိုင်းတွင် ပူးပေါင်းဆောင်ရွက်နိုင်ရေးနှင့် Nuclear Technology ကို ဓာတ်အားထုတ်လုပ်သည့် နေရာတွင်အသုံးပြုနိုင်မှုအကြောင်းများအား ပါဝင်ဆွေးနွေးခဲ့။**
- **ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးလွင်ဦးတို့သည် နိုင်ငံတကာစီးပွားရေးဖိုရမ်သို့ တက်ရောက်ခဲ့။**



**စိန့်ပီတာစဘတ်မြို့ရှိ JSC Atomenergomash (AEM-Technologies ‘Izhora’) နှင့် Central Design Bureauof Mechanical Engineering အလုပ်ရုံများသို့ ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ သွားရောက်လေ့လာနေမှု**

## ပြည်ထောင်စုဝန်ကြီးများက ကုလသမဂ္ဂဆိုင်ရာ ယာယီဌာနေညှိနှိုင်းရေးနှင့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူးဦးဆောင်သည့်အဖွဲ့အား လက်ခံတွေ့ဆုံ



စစ်တွေမြို့၌ ရောက်ရှိနေသော ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်၊ ဦးကိုကိုလှိုင်နှင့် ဒေါက်တာသက်သက်ခိုင်တို့သည် ကုလသမဂ္ဂဆိုင်ရာ ယာယီဌာနေညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူး Mr.Ramanathan Balakrishnan ဦးဆောင်သည့်အဖွဲ့အား ဇွန်လ ၁၅ ရက်တွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ်ရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံခဲ့ပါသည်။

တွေ့ဆုံစဉ် မိုခါမုန်တိုင်းတိုက်ခတ်ပြီးနောက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ကူညီကယ်ဆယ်ရေးပစ္စည်းများကို စနစ်တကျ ခွဲဝေဖြန့်ဖြူးပေးလျက် ရှိသည့်အခြေအနေများ၊ မုန်တိုင်းဒဏ်သင့်ဒေသများ၌ လူမှုရေး၊ စီးပွားရေး၊ ပုံမှန်လည်ပတ်နိုင်အောင် ဆောင်ရွက်လျက်ရှိသည့်အခြေအနေများနှင့် နိုင်ငံတကာအကူအညီများနှင့်ပတ်သက်၍ ဆောင်ရွက်နိုင်မည့် နည်းလမ်းများကို ပွင့်လင်းစွာ ဆွေးနွေးခဲ့ပါသည်။

တွေ့ဆုံပွဲသို့ ကုလသမဂ္ဂဆိုင်ရာယာယီဌာနေညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူးနှင့်အတူ OCHA Deputy Head of Office, Ms. Kyoko Ono၊ Senior Advisor to RC/HC Daw Su Su Thatun၊ UN Area Coordinator For Rakhine State, Mr.Riccardo Maia၊ Head of OCHA Rakhine Sub-Office, Mr.Tom Otunga၊ Humanitarian Affairs Specialist, OCHA, U Kyaw Naing Win တို့ တက်ရောက်ခဲ့ကြကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၆-၆-၂၀၂၃)**

- **ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်၊ ဦးကိုကိုလှိုင်နှင့် ဒေါက်တာသက်သက်ခိုင်တို့သည် ကုလသမဂ္ဂဆိုင်ရာ ယာယီဌာနေညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူး ဦးဆောင်သည့်အဖွဲ့နှင့် တွေ့ဆုံစဉ် မိုခါမုန်တိုင်းတိုက်ခတ်ပြီးနောက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ မုန်တိုင်းဒဏ်သင့်ဒေသများ၌ လူမှုရေး၊ စီးပွားရေး၊ ပုံမှန်လည်ပတ်နိုင်အောင် ဆောင်ရွက်လျက်ရှိသည့်အခြေအနေများနှင့် နိုင်ငံတကာအကူအညီများနှင့်ပတ်သက်၍ ဆောင်ရွက်နိုင်မည့် နည်းလမ်းများကို ပွင့်လင်းစွာ ဆွေးနွေးခဲ့။**

## ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး BIMSTEC Business Conclave ၏ ဆက်စပ်ဖိုရမ်များနှင့် ပိတ်ပွဲအခမ်းအနားသို့ တက်ရောက်




အိန္ဒိယသမ္မတနိုင်ငံ၊ ကော်လ်ကတ္တားမြို့၌ ကျင်းပပြုလုပ်လျက်ရှိသည့် BIMSTEC Business Conclave တွင် ဂုဏ်ထူးဆောင်ဧည့်သည်တော်အဖြစ် တက်ရောက်နေသည့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးသည် ဇွန်လ ၁၄ ရက်နှင့် ၁၅ ရက်တွင် BIMSTEC Business Conclave ၏ ဆက်စပ်ဖိုရမ်များသို့ တက်ရောက်ခဲ့ပါသည်။

ဘင်းမ်စတက်စိုက်ပျိုးရေးနှင့် အစားအစာဖိုရမ်တွင် မြန်မာနိုင်ငံပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းကုန်သည်များအသင်း၏ ဒုတိယဥက္ကဋ္ဌ ဒေါက်တာမျိုးလွင်၊ စီးပွားရေးနှင့်လူမှုရေးဖွံ့ဖြိုးတိုးတက်မှုစင်တာမှ အမှုဆောင်ဒါရိုက်တာ စီးပွားရေးပညာရှင် ဒေါက်တာဇော်ဦး၊ ကျောက်မျက်ရတနာဖိုရမ်တွင် မြန်မာနိုင်ငံမှ မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးမြင့်ဟန်၊ ဘင်းမ်စတက်အမျိုးသမီးများဖိုရမ်တွင် မြန်




မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်မော်၊ ဘင်းမ်စတက်ပညာရေးဖိုရမ်တွင် မြန်မာနိုင်ငံအမျိုးသမီး စွန့်ဦးတီထွင်သူများအသင်းဝင် Streamline Training - Learning Center တည်ထောင်သူ ဒေါ်ဝင်းအိခိုင်၊ "Textiles and Garments" ဖိုရမ်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၏ အထွေထွေအတွင်းရေးမှူးချုပ် ဒေါ်ခိုင်ခိုင်နွယ်နှင့် "Financial Inclusion, Technology and Regulatory Framework" ဖိုရမ်တွင် မြန်မာနိုင်ငံအမျိုးသမီး စွမ်းဆောင်ရှင်များအသင်း အတွင်းရေးမှူးချုပ် ဒေါ်ချောခင်ခင်တို့က Panelist များအဖြစ် ပါဝင်ဆွေးနွေးခဲ့ကြရာ ဖိုရမ်အသီးသီးသို့ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး တက်ရောက်အားပေးခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီးသည် ဇွန်လ ၁၅ ရက်၊ နေ့လည်ပိုင်းတွင် Hytta Regency Kolkata Hotel ၌ ကျင်းပပြုလုပ်သည့် ဘင်းမ်စတက်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု Valedictory Session ပိတ်ပွဲအခမ်းအနားသို့ ဂုဏ်ထူးဆောင်ဧည့်သည်တော်အဖြစ် တက်ရောက်အမှာစကားပြောကြားခဲ့ပြီး တက်ရောက်လာကြသည့် အိန္ဒိယနိုင်ငံ ပြည်ပရေးရာနှင့် ပညာရေးဝန်ကြီးဌာန ဝန်ကြီး H.E.Dr.Rajkumar Ranjan Singh၊ ဘင်းမ်စတက်နိုင်ငံများ၏ အတွင်းရေးမှူးချုပ် H.E.Mr.Tenzin Lekphell၊ အိန္ဒိယနိုင်ငံ ကုန်သည်ကြီးများအသင်းဥက္ကဋ္ဌ Mr. Mehul Mohanka နှင့် အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမိုးကျော်အောင် အပါအဝင် ဘင်းမ်စတက်နိုင်ငံများမှ သံတမန်အကြီးအကဲများက အမှာစကားပြောကြားခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၆-၆-၂၀၂၃)**

- **ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးသည် BIMSTEC Business Conclave ၏ ဆက်စပ်ဖိုရမ်များဖြစ်သည့် ဘင်းမ်စတက်စိုက်ပျိုးရေးနှင့် အစားအစာဖိုရမ်၊ ကျောက်မျက်ရတနာဖိုရမ်၊ ဘင်းမ်စတက်အမျိုးသမီးများဖိုရမ်၊ ဘင်းမ်စတက်ပညာရေးဖိုရမ်၊ "Textiles and Garments" ဖိုရမ်နှင့် "Financial Inclusion, Technology and Regulatory Framework" ဖိုရမ်များသို့ တက်ရောက်အားပေးခဲ့။**

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၏ လုပ်ငန်းဆောင်ရွက်ထားမှုကို ကြည့်ရှုစစ်ဆေး၊ မိုင်းရယ်မြို့နယ်၌ တာဝန်ရှိသူများအားတွေ့ဆုံ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးသည် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်မြို့ရှိ အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၏ လုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခြင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)မိုင်းရယ်မြို့နယ်၌ တာဝန်ရှိသူများအား တွေ့ဆုံအမှာစကားပြောကြားခြင်းများ ဆောင်ရွက်ခဲ့ပါသည်။



**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၏ လုပ်ငန်းဆောင်ရွက်ထားမှုကို ကြည့်ရှုစစ်ဆေးနေမှု**

- နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေ၊ နည်းဥပဒေများနှင့်အညီ မှတ်ပုံတင်ခွင့်ရရှိပြီးဖြစ်သည့် တာချီလိတ်မြို့တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော အာခါအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီဌာနချုပ်မှ နာယက၊ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား ဇွန်လ ၁၇ ရက်တွင် နယ်မြေခံတပ်ညွှန့်ရိပ်သာ၌တွေ့ဆုံ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပါတီလုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေကို စစ်ဆေးခဲ့။
- ဇွန်လ ၁၈ ရက်တွင် မိုင်းရယ်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဝန်ထမ်းများနှင့်တွေ့ဆုံ၍ ရွေးကောက်ပွဲကိုအောင်မြင်စွာ ကျင်းပသွားမည်ဖြစ်၍ လူဦးရေစာရင်းမှန်ကန်ရေး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့ပူးပေါင်း၍ ညှိနှိုင်းဆောင်ရွက်ကြရန် မှာကြားခဲ့။

အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီအနေဖြင့် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခွင့်ပြုသည့်နေ့မှစ၍ ရက်ပေါင်း ၉၀ အတွင်း သတ်မှတ်ထားသော ပါတီဝင်အင်အား ၁၀၀၀ ပြည့်မီရေး၊ ရက်ပေါင်း ၁၈၀ အတွင်း ပြည်နယ်အတွင်းရှိ မြို့နယ်အားလုံး၏ အနည်းဆုံး ငါးမြို့နယ်၌ ပါတီရုံးခန်းဖွင့်လှစ်ရန်၊ ပါတီအလံနှင့် ဆိုင်းဘုတ်များကို သတ်မှတ်ချက်နှင့်အညီ စနစ်တကျ လိုက်နာဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၉-၆-၂၀၂၃)**

- **ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးသည် ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့ရှိ အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၏ လုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခြင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မြို့နယ်၌ တာဝန်ရှိသူများအား တွေ့ဆုံအမှာစကားပြောကြားခြင်းများ ဆောင်ရွက်ခဲ့။**
- **အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီအနေဖြင့် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခွင့်ပြုသည့်နေ့မှစ၍ ရက်ပေါင်း ၉၀ အတွင်း သတ်မှတ်ထားသော ပါတီဝင်အင်အား ၁၀၀၀ ပြည့်မီရေး၊ ရက်ပေါင်း ၁၈၀ အတွင်း ပြည်နယ်အတွင်းရှိ မြို့နယ်အားလုံး၏ အနည်းဆုံး ငါးမြို့နယ်၌ ပါတီရုံးခန်းဖွင့်လှစ်ရန် လိုအပ်မည်ဖြစ်။**



ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးနှင့် အဖွဲ့ဝင်များ၊ မိုင်းရယ်မြို့နယ် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ ဝန်ထမ်းများနှင့် တွေ့ဆုံနေမှု

## (၁၄) ကြိမ်မြောက် ကုလသမဂ္ဂအဂတိလိုက်စားမှု တိုက်ဖျက်ရေးကွန်ဗင်းရှင်းသို့ မြန်မာနိုင်ငံအဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာဌေးအောင် ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့တက်ရောက်

ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့တွင် ဇွန်လ ၁၂ ရက်မှ ၁၆ ရက်အထိ ကျင်းပပြုလုပ်သည့် (၁၄) ကြိမ်မြောက် ကုလသမဂ္ဂအဂတိလိုက်စားမှုတိုက်ဖျက်ရေးကွန်ဗင်းရှင်း အကောင်အထည်ဖော်ဆောင်မှု ပြန်လည်သုံးသပ်ရေးလုပ်ငန်းအဖွဲ့ အစည်းအဝေးနှင့် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး အစိုးရဌာနဆိုင်ရာ လုပ်ငန်းအဖွဲ့အစည်းအဝေးများသို့ မြန်မာနိုင်ငံအဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာ ဌေးအောင်ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ Online ဖြင့် တက်ရောက်ခဲ့ပါသည်။

- ဇွန်လ ၁၃ ရက်က ကျင်းပသည့် အစည်းအဝေးဒုတိယနေ့တွင် ကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာဌေးအောင်က မြန်မာနိုင်ငံအနေဖြင့် ကွန်ဗင်းရှင်းအကောင်အထည် ဖော်ဆောင်မှု ပြန်လည်သုံးသပ်ရေးလုပ်ငန်းစဉ် ပထမစက်ဝန်းကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပြီး အကြံပြုချက်များနှင့်အညီ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို ခေတ်စနစ်နှင့်အညီ ပြင်ဆင်ပြဋ္ဌာန်းနိုင်ခဲ့ကြောင်း၊ သုံးသပ်ရေးလုပ်ငန်းစဉ် ဒုတိယစက်ဝန်း၏ အနှစ်ချုပ်အစီရင်ခံစာပါ အကြံပြုချက်များကိုလည်း အလေးထားဆောင်ရွက်လျက်ရှိကြောင်း ဆွေးနွေးခဲ့။
- ဇွန်လ ၁၄ ရက်ကကျင်းပသည့် အစည်းအဝေးတတိယနေ့တွင် ကော်မရှင်ဥက္ကဋ္ဌက အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် ကော်မရှင်ရုံးအပါအဝင် ပြည်ထောင်စုဝန်ကြီးဌာနအဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များကိုဖွဲ့စည်း၍ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း ဆွေးနွေးခဲ့။
- ဇွန်လ ၁၅ ရက်က ကျင်းပသည့်အစည်းအဝေး စတုတ္ထနေ့တွင် ကော်မရှင်ဥက္ကဋ္ဌက မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးတွင် နိုင်ငံတကာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်ပနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် နားလည်မှုစာချွန်လွှာများကို လက်မှတ်ရေးထိုးဆောင်ရွက်နိုင်ခဲ့ကြောင်း၊ မကြာမီအချိန်တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် လက်မှတ်ရေးထိုးမည်ဖြစ်ကြောင်း၊ ကော်မရှင်အနေဖြင့် အများပြည်သူနှင့်ဆက်သွယ်ဆောင်ရွက်မှုကို ပိုမိုခိုင်မာစေရေးအတွက် မြို့ကြီးများတွင် ရုံးခွဲများဖွင့်လှစ်ဆောင်ရွက်လျက်ရှိကြောင်း ဆွေးနွေးခဲ့။




အစည်းအဝေးတွင် အဖွဲ့ဝင်နိုင်ငံများမှကိုယ်စားလှယ်များက ကုလသမဂ္ဂအဂတိလိုက်စားမှုတိုက်ဖျက်ရေးကွန်ဗင်းရှင်း (UN-CAC) အကောင်အထည်ဖော်ဆောင်မှုဆိုင်ရာ သတင်းအချက်အလက်များ၊ ကောင်းမွန်သည့်အလေ့အထများ၊ အတွေ့အကြုံများမျှဝေရေး၊ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ ချဉ်းကပ်ဆောင်ရွက်မှုနည်းလမ်းများ တင်ပြဆွေးနွေးခဲ့ကြပါသည်။

အစည်းအဝေးသို့ ကော်မရှင်ဥက္ကဋ္ဌဒေါက်တာဌေးအောင်နှင့် ကော်မရှင်အဖွဲ့ဝင်များက Online ဖြင့် ပါဝင်တက်ရောက်ခဲ့ကြပြီး ဗီယင်နာမြို့အခြေစိုက်ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် သံအမတ်ကြီး ဦးမင်းသိမ်း ဦးဆောင်သည့်ကိုယ်စားလှယ်နှစ်ဦးတို့က အစည်းအဝေးခန်းမအတွင်း ကိုယ်တိုင်တက်ရောက်ခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၇-၆-၂၀၂၃)**

- **အစည်းအဝေးတွင် အဖွဲ့ဝင်နိုင်ငံများမှကိုယ်စားလှယ်များက ကုလသမဂ္ဂအဂတိလိုက်စားမှုတိုက်ဖျက်ရေးကွန်ဗင်းရှင်း အကောင်အထည်ဖော်ဆောင်မှုဆိုင်ရာ သတင်းအချက်အလက်များ၊ ကောင်းမွန်သည့်အလေ့အထများ၊ အတွေ့အကြုံများ မျှဝေရေး၊ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ ချဉ်းကပ်ဆောင်ရွက်မှုနည်းလမ်းများဆွေးနွေးခဲ့။**

## အဋ္ဌမအကြိမ် မြန်မာ-ထိုင်း နှစ်နိုင်ငံလေတပ်အကြား အလုပ်ရုံဆွေးနွေးပွဲ(8th MAF-RTAF Air Working Group Meeting)ကျင်းပ

မြန်မာ့တပ်မတော်(လေ)နှင့် ထိုင်းဘုရင့်လေတပ်တို့အကြား ချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ရန်နှင့် ပူးပေါင်းဆောင်ရွက်မှု တိုးတက်စေရန်ရည်ရွယ်ပြီး အဋ္ဌမအကြိမ် မြန်မာ-ထိုင်း နှစ်နိုင်ငံလေတပ်အကြား အလုပ်ရုံဆွေးနွေးပွဲ (8th MAF-RTAF Air Working Group Meeting) အား ဇွန်လ ၁၃ ရက်မှ ၁၆ ရက်အထိ နေပြည်တော်ရှိ Aureum Palace Hotel တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

- ဇွန်လ ၁၃ ရက်တွင် အလုပ်ရုံဆွေးနွေးပွဲကို စတင်ကျင်းပခဲ့ရာ နှစ်နိုင်ငံ လေတပ်အစည်းအဝေး သဘာပတိများဖြစ်ကြသည့် မြန်မာ့တပ်မတော်(လေ)မှ စစ်ဦးစီး အရာရှိချုပ်(လေ)နှင့် ထိုင်းဘုရင့်လေတပ်မှ Air Marshal Kidkuan Sadub တို့သည် အစည်းအဝေးဆုံးဖြတ်ချက်များအား အတည်ပြုလက်မှတ်ရေးထိုးကြကာ နှစ်နိုင်ငံလေတပ်မှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များက အထိမ်းအမှတ်လက်ဆောင်များ အပြန်အလှန် လဲလှယ်ခဲ့ကြပြီး အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ခဲ့။
- ဇွန်လ ၁၄ ရက်တွင် ထိုင်းဘုရင့်လေတပ်ကိုယ်စားလှယ်အဖွဲ့သည် နေပြည်တော်ကောင်စီနယ်မြေရှိ မာရဝိဇယဗုဒ္ဓ



ရွှေတိဂုံစေတီတော်မြတ်ကြီးအား ထိုင်းဘုရင့်လေတပ်ကိုယ်စားလှယ်အဖွဲ့ ဖူးမြော်ကြည်ညိုပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးနေမှု




အဋ္ဌမအကြိမ် မြန်မာ-ထိုင်း နှစ်နိုင်ငံလေတပ်အကြား အလုပ်ရုံဆွေးနွေးပွဲ(8th MAF-RTAF Air Working Group Meeting)ကျင်းပနေမှု

ရုပ်ပွားတော်မြတ်ကြီးနှင့် ဥပ္ပါတသန္တိစေတီတော်သို့ သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ဆင်ဖြူတော်များအား ကြည့်ရှုလေ့လာခဲ့။

- ဇွန်လ ၁၅ ရက်တွင် ထိုင်းဘုရင့်လေတပ်ကိုယ်စားလှယ်အဖွဲ့သည် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီး၊ ငါးထပ်ကြီးဘုရား၊ ခြောက်ထပ်ကြီးဘုရားနှင့် ဆူးလေစေတီတော်တို့သို့ သွားရောက်ဖူးမြော်ခဲ့ကာ ဗိုလ်ချုပ်အောင်ဆန်းဈေးသို့ သွားရောက်လှည့်လည်ကြည့်ရှုခဲ့။

ဇွန်လ ၁၆ ရက်တွင် ထိုင်းဘုရင့်လေတပ်ကိုယ်စားလှယ်အဖွဲ့သည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ပြည်ပလေကြောင်းလိုင်းဖြင့် ထိုင်းနိုင်ငံသို့ ပြန်လည်ထွက်ခွာသွားခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၇-၆-၂၀၂၃)**

- **မြန်မာ့တပ်မတော်(လေ)နှင့် ထိုင်းဘုရင့်လေတပ်တို့အကြား ချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ရန်နှင့် ပူးပေါင်းဆောင်ရွက်မှုတိုးတက်စေရန်ရည်ရွယ်ပြီး အဋ္ဌမအကြိမ် မြန်မာ-ထိုင်း နှစ်နိုင်ငံလေတပ်အကြား အလုပ်ရုံဆွေးနွေးပွဲ (8th MAF-RTAF Air Working Group Meeting) အား ဇွန်လ ၁၃ ရက်မှ ၁၆ ရက်အထိ နေပြည်တော်ရှိ Aureum Palace Hotel တွင် ကျင်းပပြုလုပ်ခဲ့။**

# ရွှေတိဂုံစေတီတော်ရင်ပြင်ပေါ်၌ ဗီယက်နမ်နိုင်ငံမှ အလှူရှင်များက ဆရာတော် သံဃာတော် အပါး ၁၀၀၀ အား ဆွမ်းတော်ကြီးလောင်းလှူပွဲ ကျင်းပ




ရွှေတိဂုံစေတီတော်ရင်ပြင်ပေါ်၌ ဗီယက်နမ်နိုင်ငံမှ အလှူရှင်များစုပေါင်း၍ ဆရာတော်သံဃာတော် အပါး ၁၀၀၀ အား ဆွမ်းတော်ကြီးလောင်းလှူပွဲအခမ်းအနားကို ဇွန်လ ၁၈ ရက်တွင် ရင်ပြင်တော်တောင်ဘက်မုခ်ရှိ ရေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ ကျင်းပခဲ့ပါသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံမှ တာဝန်ရှိသူများနှင့် အလှူရှင်များ၊ ဗီယက်နမ်နိုင်ငံမှ အလှူရှင်များက ဗီယက်နမ်ဆရာတော်များအပါအဝင် ပင့်သံဃာတော် စုစုပေါင်း အပါး ၁၀၀၀ တို့အား ရင်ပြင်တော်တောင်ဘက် ဗဟိုမဏ္ဍပ်မှစ၍ ဆွမ်းတော်ကြီး လောင်းလှူခဲ့ကြပြီးနောက် ဆရာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြကာ ညပိုင်းတွင် ဗီယက်နမ်နိုင်ငံမှ အလှူရှင်များက ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဆီမီး ၁၀၀၀၀ ထွန်းညှိပူဇော်ခဲ့ကြပါသည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကဆရာတော်ကြီးများ၊ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ ဩဝါဒါစရိယဆရာတော်ကြီးများ၊ ဗီယက်နမ်ဆရာတော်များ၊ ပင့်သံဃာတော်အရှင်သူမြတ်များ ကြွရောက်တော်မူကြပြီး ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင်များ၊ ဗီယက်နမ်နိုင်ငံမှ အလှူရှင်များ၊ ရက္ခိတစွမ်းအား ပရဟိတအဖွဲ့မှ အလှူရှင်များ တက်ရောက်ကြည်ညိုခဲ့ကြကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၉-၆-၂၀၂၃)**

- **ဗီယက်နမ်နိုင်ငံမှ အလှူရှင်များက ဗီယက်နမ်ဆရာတော်များအပါအဝင် ပင့်သံဃာတော်စုစုပေါင်း အပါး ၁၀၀၀ တို့အား ရင်ပြင်တော်တောင်ဘက် ဗဟိုမဏ္ဍပ်မှစ၍ ဆွမ်းတော်ကြီးလောင်းလှူခဲ့ကြပြီးနောက် ဆရာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြကာ ညပိုင်းတွင် ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဆီမီး ၁၀၀၀၀ ထွန်းညှိပူဇော်ခဲ့။**



ဆရာတော်ကြီးများအား ဗီယက်နမ်နိုင်ငံမှ အလှူရှင်များက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းနေမှု

## KKO (ခွဲထွက်) အဖွဲ့နှင့် PDF အကြမ်းဖက်အဖွဲ့တို့၏ လက်နက်ကြီးများဖြင့် ပစ်ခတ်မှုကြောင့် ကော့ကရိတ်မြို့၊ ဆရာတော် ၁ ပါး ထိခိုက်ဒဏ်ရာများရရှိ



KKO (ခွဲထွက်) အဖွဲ့နှင့် PDF အကြမ်းဖက်အဖွဲ့တို့၏ လက်နက်ကြီးများဖြင့် ပစ်ခတ်မှုကြောင့် ပျက်စီးခဲ့ရသည့် ဘုန်းတော်ကြီးကျောင်း

ဇွန်လ ၁၅ ရက်တွင် KKO (ခွဲထွက်) အဖွဲ့နှင့် PDF အကြမ်းဖက်သမားများက ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့ အတွင်းသို့ လက်နက်ကြီးများဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် ၎င်းတို့ပစ်ခတ်ခဲ့သည့် လက်နက်ကြီးဖုံးသီးများသည် ရပ်ကွက်အတွင်းရှိ ဇေတဝန်ရာမ ဘုန်းတော်ကြီးကျောင်းဝန်းအတွင်းနှင့် ပင်မကျောင်းဆောင်ပေါ်သို့ ကျရောက်ပေါက်ကွဲခဲ့သဖြင့် ကျောင်းဆောင်ပေါ်တွင် သီတင်းသုံးနေသည့် ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တကောဝိဒတွင် လက်နက်ကြီးထိမှန်ဒဏ်ရာများရရှိခဲ့ကြောင်း သိရှိရပါသည်။

ယခင်ကလည်း PDF အကြမ်းဖက်သမားများအနေဖြင့် စစ်ရေးပစ်မှတ်မဟုတ်သည့် စာသင်ကျောင်းများ၊ ဌာနဆိုင်ရာအဆောက်အဦများနှင့် လူနေအဆောက်အဦများအား လက်လုပ်စိန်ပြောင်းများဖြင့် မဆင်မခြင်ပစ်ခတ်ခြင်း၊ Drone များ အသုံးပြု၍ ဗုံးကြဲချခြင်းများ လုပ်ဆောင်ခဲ့ခြင်းတို့ကြောင့် အပြစ်မဲ့ပြည်သူအချို့ သေဆုံး/ဒဏ်ရာ ရရှိခဲ့သည့် ဖြစ်စဉ်



**KKO (ခွဲထွက်) အဖွဲ့နှင့် PDF အကြမ်းဖက်အဖွဲ့တို့၏ လက်နက်ကြီးများဖြင့် ပစ်ခတ်မှုကြောင့် ဒဏ်ရာရရှိခဲ့သည့် ဆရာတော်တစ်ပါး ဆေးကုသမှုခံယူနေမှု**

အများအပြားရှိခဲ့ပါသည်။ ဗုဒ္ဓသာသနာပြန့်ပွားရေးအတွက် သာသနာ့ တာဝန်ထမ်းဆောင်နေသော ဘုရားသားတော်များအား အကြောင်းမဲ့ ရက်ရက်စက်စက် ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်းတို့ကြောင့် သာသနာတော်ညှိုးနွမ်းပျက်စီးစေခြင်းတို့ ဖြစ်ပေါ်စေခဲ့ရသည့်အပြင် သံဃာတော် ၇၄ ပါးနှင့် သီလရှင်ဆရာကြီး ၁ ပါးတို့ ဘဝနတ်ထံပျံလွန်တော်မူခဲ့ပြီး သံဃာတော် ၃၅ ပါးနှင့် သီလရှင်ဆရာကြီး ၁ ပါးတို့ဒဏ်ရာ ရရှိခဲ့ရသည့်အတွက် အများပြည်သူတစ်ရပ်လုံးက ပြစ်တင်ရှုတ်ချလျက်ရှိပါသည်။

ထိုသို့ အပြစ်မဲ့အရပ်သားပြည်သူများနေထိုင်ရာ မြို့အတွင်းသို့ လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည့် အကြမ်းဖက်သမားများအား ဖမ်းဆီးအရေးယူနိုင်ရေးနှင့် နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၆-၆-၂၀၂၃)**

- **KKO (ခွဲထွက်) အဖွဲ့နှင့် PDF အကြမ်းဖက်အဖွဲ့တို့က ကော့ကရိတ်မြို့ အတွင်းသို့ လက်နက်ကြီးများဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် ကော့ကရိတ်မြို့၊ ဇေတဝနာရာမ ဘုန်းတော်ကြီးကျောင်းမှ ဆရာတော် ၁ ပါး ထိခိုက်ဒဏ်ရာများ ရရှိခဲ့။**

## ကရင်ပြည်နယ်နှင့် မွန်ပြည်နယ် မြို့များအတွင်းသို့ KKO(ခွဲထွက်)အဖွဲ့၊ KNLA အဖွဲ့နှင့် PDF အကြမ်းဖက်အဖွဲ့တို့က လက်နက်ကြီးများဖြင့် ရည်ရွယ်ချက်ရှိရှိ လာရောက်ပစ်ခတ်တိုက်ခိုက်

KKO(ခွဲထွက်)အဖွဲ့၊ KNLA အဖွဲ့နှင့် PDF အကြမ်းဖက်သမားများအနေဖြင့် နယ်မြေဒေသ တည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန်နှင့် ပြည်သူလူထုတို့ ထိတ်လန့်မှုများ ဖြစ်စေရန် အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိရာ-

- ဇွန်လ ၁၆ ရက်တွင် KKO(ခွဲထွက်)အဖွဲ့နှင့် PDF အကြမ်းဖက်သမားများက ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့၊ အမှတ် (၇)ရပ်ကွက်အတွင်းသို့ လက်နက်ကြီးများဖြင့် ရည်ရွယ်ချက်ရှိရှိ ပစ်ခတ်တိုက်ခိုက်ခဲ့ရာ အဆိုပါလက်နက်ကြီး ဗုံးသီးများ ကျရောက်ပေါက်ကွဲမှုကြောင့် ဒေသခံပြည်သူ ၁ ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့။
- အလားတူ မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ သိမ်ဇရပ်မြို့ အတွင်းသို့ KNLA အဖွဲ့ နှင့် PDF အကြမ်းဖက်သမားများက လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် ဒေသခံပြည်သူ ၁ ဦး သေဆုံးခဲ့ရပြီး အသက် ၅ နှစ်အရွယ် ကလေးငယ်တစ်ဦး အပါအဝင် ၃ ဦး ထိခိုက်ဒဏ်ရာများရရှိခဲ့။

ထိုသို့ အပြစ်မဲ့အရပ်သားပြည်သူများနေထိုင်ရာ မြို့ရပ်ကွက်များအတွင်းသို့ လက်နက်ကြီးများဖြင့် ရည်ရွယ်ချက်ရှိရှိ လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့သည့် အကြမ်းဖက်သမားများ၏လုပ်ရပ်သည် လူမဆန်သည့် ယုတ်မာရိုင်းစိုင်းသောအစွန်းရောက် အကြမ်းဖက်လုပ်ရပ်ဖြစ်သည့်အပြင် ၎င်းတို့ကို မထောက်ခံသည့် အပြစ်မဲ့ပြည်သူများအား “ဒလန်” ဟု စွပ်စွဲကာ အကြောင်းမဲ့ လူမဆန်စွာ သတ်ဖြတ်ခဲ့မှုများတွင် အရွယ်မရောက်သေးသည့် အပြစ်မဲ့ကလေးသူငယ်များပါမချန် အကြမ်းဖက်လုပ်ရပ်များ ပြုလုပ်လာဖြစ်သဖြင့် ပြည်သူတစ်ရပ်လုံးက ၎င်းတို့၏လုပ်ရပ်များကို အပြင်းအထန် ရှုတ်ချလျက်ရှိပါသည်။

အဆိုပါအကြမ်းဖက်တိုက်ခိုက်ခဲ့ခြင်းအပေါ် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် လိုအပ်သည့် တုံ့ပြန်မှုများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၈-၆-၂၀၂၃)**

- **ကရင်ပြည်နယ်နှင့် မွန်ပြည်နယ် မြို့များအတွင်းသို့ KKO(ခွဲထွက်)အဖွဲ့၊ KNLA အဖွဲ့နှင့် PDF အကြမ်းဖက်အဖွဲ့တို့က လက်နက်ကြီးများဖြင့် ရည်ရွယ်ချက်ရှိရှိ လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် အသက် ၅ နှစ်အရွယ် ကလေးငယ်တစ်ဦး အပါအဝင် ၄ ဦး ထိခိုက်ဒဏ်ရာများရရှိခဲ့ပြီး အပြစ်မဲ့ဒေသခံပြည်သူ ၁ ဦး သေဆုံးခဲ့။**

## လယ်ဝေးမြို့မရဲစခန်း နှင့် MICC-II ဂိတ်(၂) ဝင်ပေါက်တို့အား လက်ပစ်ဗုံးဖြင့် ပစ်ခတ်ခဲ့သည့် တရားခံများအား ဖြစ်စဉ်ဖြစ်ပွားပြီး ၁၀ နာရီအတွင်း ဖမ်းဆီးရမိ



**ဇမ္ဗူသီရိမြို့၊ ဘောဂသိဒ္ဓိရပ်ကွက်၊ MICC-II ဂိတ်(၂) ဝင်ပေါက်အား လက်ပစ်ဗုံးဖြင့် ပစ်ခတ်ဖောက်ခွဲခံခဲ့ရမှု**

၂၀၂၃ ခုနှစ်၊ ဇွန်လ ၁၂ ရက်တွင် လယ်ဝေးမြို့မရဲစခန်းအား (စိစစ်ဆဲ)ကျား ၂ ဦးမှ လက်ပစ်ဗုံးဖြင့် ချောင်းမြောင်းပစ်ခတ်ခဲ့ပြီး ယင်းနေ့ညပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ၊ ဇမ္ဗူသီရိမြို့နယ်၊ ဘောဂသိဒ္ဓိရပ်ကွက်၊ ဉာဏအောင်မြေလမ်း၊ MICC-II ဂိတ် (၂)ဝင်ပေါက်အား (စိစစ်ဆဲ)ကျား ၃ ဦးတို့မှ လက်ပစ်ဗုံးဖြင့် ပစ်ပေါက်ဖောက်ခွဲခဲ့သည့် ဖြစ်စဉ်များ ဖြစ်ပွားခဲ့ပါသည်။

တရားမျှတမှုကို လိုလားပြီး အကြမ်းဖက်မှုကို မလိုလားသည့် ပြည်သူများ၏ မျက်မြင်သတင်းပေးပို့ချက်များနှင့် မြေပြင်သတင်း စုံစမ်းရရှိချက်များအရ ဇွန်လ ၁၃ ရက်တွင် လယ်ဝေးမြို့မရဲစခန်းနှင့် MICC-II ဂိတ်(၂)ဝင်ပေါက်တို့အား လက်ပစ်ဗုံးဖြင့် ပစ်ခတ်သွားသည့် တရားခံ သက်နိုင်နှင့် အငှားယာဉ်မောင်း ရန်နိုင်ထွန်းတို့အား ဖော်ထုတ်ဖမ်းဆီးရမိခဲ့ပါသည်။

ဖမ်းဆီးရမိတရားခံ သက်နိုင်၏ ထွက်ဆိုချက်အရ ဇွန်လ ၁၂ ရက်တွင် တရားခံ ရဲနိုင်နှင့် အငှားယာဉ်မောင်း အိုင်ဖော့(ခ) ရန်နိုင်ဦးတို့အား လိပ်သိုမြို့အဝင် စစ်ဆေးရေးဂိတ်၌ ထပ်မံဖမ်းဆီးရမိခဲ့။ အဆိုပါတရားခံ ၄ ဦးတို့အား ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုကြောင့် ရာဇဝတ်ဘေးပြေး မလွတ်ဆိုသည့်အတိုင်း ဖြစ်စဉ်ဖြစ်ပွားပြီး ၁၀ နာရီ အတွင်း ဖော်ထုတ်ဖမ်းဆီးရမိခဲ့ပါသည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ-



**လယ်ဝေးမြို့မရဲစခန်းနှင့် MICC-II ဂိတ်(၂) ဝင်ပေါက်အား လက်ပစ်ဗုံးဖြင့် ပစ်ခတ်သည့်ဖြစ်စဉ်မှ တရားခံ ၂ ဦး၏ CCTV မှတ်တမ်းဓာတ်ပုံ**

- တရားခံသက်နိုင်နှင့် ရဲနိုင်တို့သည် တရားခံပြေး ရှမ်းလေး၏ ချိတ်ဆက်ပေးမှုဖြင့် စစ်တောင်းမြို့ပြပြောက်ကျားအမည်ခံ အကြမ်းဖက်အဖွဲ့ခေါင်းဆောင် တရားခံပြေး ဇင်ယော်(ခ)ငှက်ဖြူ(ခ)နေလင်းနှင့် ရင်းနှီးခဲ့ပြီး နေပြည်တော်ကောင်စီနယ်မြေအတွင်း အကြမ်းဖက်လုပ်ငန်းများလုပ်ဆောင်ရန်အတွက် ကူညီပါဝင်ဆောင်ရွက်ပေးရန်နှင့် ငွေကြေးထောက်ပံ့ပေးမည်ဟု ပြောဆိုစည်းရုံးခဲ့သဖြင့် ၎င်းတို့ ၂ ဦးမှ ငွေကြေးရယူလိုမှုဖြင့် သဘောတူလက်ခံခဲ့။
- ၂၀၂၃ ခုနှစ်၊ ဇွန်လ ၁၀ ရက်တွင် တရားခံပြေး ဇင်ယော်မှ MICC-II နှင့် လယ်ဝေး မြို့မရဲစခန်းတို့အား ပစ်ခတ်ဖောက်ခွဲရန် လက်ပစ်ဗုံး ၂ လုံးအားပေးခဲ့သဖြင့် သက်နိုင်၊ ရဲနိုင်နှင့် တရားခံပြေး အသေးလေးတို့မှ ကယားပြည်နယ်၊ ပဆေးလာ ကျေးရွာသို့ သွားရောက်ယူဆောင်ခဲ့။
- ၎င်းနောက် ဇွန်လ ၁၁ ရက်တွင် လယ်ဝေးမြို့မရဲစခန်းနှင့် MICC-II ဂိတ်(၂) ဝင်ပေါက်တို့အား လက်ပစ်ဗုံးဖြင့် ပစ်ခတ်ရန် သွားရောက်၍ အခြေအနေကြည့်ရှုခဲ့။
- ဇွန်လ ၁၂ ရက်တွင် တရားခံပြေး ဇင်ယော်၏ စေခိုင်းမှုဖြင့် သက်နိုင်၊ ရဲနိုင်နှင့် တရားခံပြေး အသေးလေးတို့ ၃ ဦးသည် လက်ပစ်ဗုံး ၂ လုံးအား ယူဆောင်၍ လယ်ဝေးမြို့မရဲစခန်းအား လက်ပစ်ဗုံး ၁ လုံးဖြင့် ပစ်ပေါက်ထွက်ပြေးခဲ့။
- အလားတူ ၎င်းတို့ ၃ ဦးသည် ဆိုင်ကယ် ၂ စီးဖြင့် MICC-II သို့ သွားရောက်ခဲ့ပြီး MICC-II ဂိတ်(၂) ဝင်ပေါက်အား လက်ပစ်ဗုံး ၁ လုံးဖြင့် ပစ်ပေါက်ထွက်ပြေးခဲ့ကြောင်း ဖော်ထုတ်သိရှိရပါသည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ အဆိုပါ အကြမ်းဖက်ဖောက်ခွဲမှုများအတွက် တရားခံပြေး ဇင်ယော်မှ တစ်ဦးလျှင် ငွေကျပ် ၃ သိန်း ထောက်ပံ့ပေးခဲ့သော်လည်း လုံခြုံရေးတပ်ဖွဲ့ဝင်များသည် နေပြည်တော်ကောင်စီနယ်မြေအတွင်း အကြမ်းဖက်သမားများအား ဖမ်းဆီးရမိရေး ပိုက်စိတ်တိုက်စစ်ဆေးရှာဖွေဖမ်းဆီးမှုများ လုပ်ဆောင်နေမှုကြောင့် ကယားပြည်နယ်အတွင်းသို့ ထွက်ပြေးတိမ်းရှောင်ရန် လုပ်ဆောင်နေစဉ် ဖမ်းဆီးခံခဲ့ရခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရပါသည်။

သို့ဖြစ်ပါ၍ ဖမ်းဆီးရမိတရားခံများအား ဥပဒေအရ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး အကြမ်းဖက်မှုဆောင်ရွက်နေသူများအား ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကာကွယ်တိုက်ဖျက်ကြရန်နှင့် မြို့ရွာများ အမြန်ဆုံးအေးချမ်းတည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ကြိုးပမ်းဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံအပ်ပါကြောင်း အသိပေးသတင်းထုတ်ပြန်ထားကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၇-၆-၂၀၂၃)**

## လယ်ဝေးမြို့မရဲစခန်း နှင့် MICC-II ဂိတ် (၂) ဝင်ပေါက်တို့အား လက်ပစ်ဗုံးဖြင့် ပစ်ခတ်ခဲ့သည့် တရားခံများအား ဖြစ်စဉ်ဖြစ်ပွားပြီး ၁၀ နာရီအတွင်း ဖမ်းဆီးရမိခဲ့သည့် တရားခံများ

|  |  |  |  |
|---|---|---|---|
| သက်နိုင်<br>(လက်ပစ်ဗုံးဖြင့် ပစ်ခတ်ခဲ့သူ) | ရဲနိုင်<br>(လက်ပစ်ဗုံးဖြင့် ပစ်ခတ်ခဲ့သူ) | ရန်နိုင်ထွန်း<br>(အငှားယာဉ်မောင်း) | အိုင်ဖော့(ခ)ရန်နိုင်ဦး<br>(အငှားယာဉ်မောင်း) |





လယ်ဝေးမြို့မရဲစခန်းနှင့် MICC-II ဂိတ်(၂) ဝင်/ထွက်ပေါက်အား လက်ပစ်ဗုံးဖြင့် ပစ်ခတ်သည့်ဖြစ်စဉ်မှ တရားခံဝတ်ဆင်ခဲ့သည့် သက်သေခံပစ္စည်းများ

- အကြမ်းဖက်အဖွဲ့ခေါင်းဆောင် တရားခံပြေး ဇင်ယော်သည် နေပြည်တော်ကောင်စီနယ်မြေအတွင်း အကြမ်းဖက်လုပ်ငန်းများလုပ်ဆောင်ရန်အတွက် ကူညီပါဝင်ပေးလျှင် ငွေကြေးထောက်ပံ့ပေးမည်ဟု ပြောဆိုစည်းရုံးခဲ့သဖြင့် တရားခံများမှ ငွေကြေးရယူလိုမှုဖြင့် သဘောတူလက်ခံခဲ့။
- လယ်ဝေးမြို့မရဲစခန်းနှင့် MICC-II ဂိတ်(၂)ဝင်ပေါက်တို့အား လက်ပစ်ဗုံးဖြင့် ပစ်ခတ်ခဲ့သည့် တရားခံ ၄ ဦးတို့အား ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုကြောင့် ရာဇဝတ်ဘေးပြေး မလွတ်ဆိုသည့်အတိုင်း ဖြစ်စဉ်ဖြစ်ပွားပြီး ၁၀ နာရီအတွင်း ဖော်ထုတ်ဖမ်းဆီးရမိခဲ့။




**လယ်ဝေးမြို့မရဲစခန်းရှေ့တွင် လက်ပစ်ဗုံးဖြင့် ပစ်ခတ်ဖောက်ခွဲခံရမှုကြောင့် အပြစ်မဲ့ပြည်သူ ဦးကျော်ရဲလူ ဒဏ်ရာရရှိခဲ့မှု**

## နိုင်ငံတော်ကာကွယ်ရေးတာဝန်များ ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် တပ်မတော်သားများအား အပန်းဖြေခရီးများပို့ဆောင်



**နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်စဉ် ရရှိခဲ့သောထိခိုက်ဒဏ်ရာမှ ပြန်လည်ကောင်းမွန်လာသည့် အရာရှိ/စစ်သည်များအား ငပလီကမ်းခြေသို့ ရောက်ရှိလာစဉ် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးမှ ကြိုဆိုနှုတ်ဆက်နေမှု**

နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ဆေးရုံ၊ ဆေးခန်းများတွင် တက်ရောက်ကုသ၍ ပြန်လည်ကောင်းမွန်လာသည့် တပ်မတော်သားများအား တပ်မတော်အကြီးအကဲ၏လမ်းညွှန်မှုအရ ဧရာဝတီတိုင်းဒေသကြီး၊ ချောင်းသာကမ်းခြေနှင့် ရခိုင်ပြည်နယ်၊ ငပလီကမ်းခြေများသို့ အနားယူအပန်းဖြေရန်အတွက် တပ်မတော်လေယာဉ်



**နိုင်ငံတော်ကာကွယ်ရေးတာဝန်များ ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် တပ်မတော်သားများ ချောင်းသာမြို့နှင့် သံတွဲမြို့ရှိ တန်ခိုးကြီးဘုရားများသို့ သွားရောက်ဖူးမြော်ကြည်ညိုနေမှု**

များ၊ မော်တော်ယာဉ်များဖြင့် ဇွန်လ ၁၁ ရက်မှစတင်၍ ပို့ဆောင်ပေးခဲ့ပါသည်။

- ချောင်းသာကမ်းခြေသို့ သွားရောက်ခဲ့သည့် တပ်မတော်သားများသည် ကမ်းခြေတစ်လျှောက်လမ်းလျှောက်ခြင်းနှင့် သဲသောင်ပြင်တွင် အနားယူအပန်းဖြေခြင်း၊ ပုသိမ်မြို့နှင့် ချောင်းသာမြို့ရှိ တန်ခိုးကြီးဘုရားများအား ဖူးမြော်ကြည်ညိုခြင်း၊ ချောင်းသာသဲဖြူကျွန်း၊ ရွှေသောင်ယံ၊ အဏ္ဏဝါသိပ္ပံ၊ ပုသိမ်ဟာလဝါလုပ်ငန်းနှင့် ပုသိမ်ထီးလုပ်ငန်းစသည့် အထင်ကရနေရာများသို့ သွားရောက်လေ့လာခြင်းများ ဆောင်ရွက်ခဲ့။
- ငပလီကမ်းခြေသို့ သွားရောက်ခဲ့သည့် တပ်မတော်သားများသည် ကမ်းခြေ၌ ကျန်းမာရေးလေ့ကျင့်ခန်းများ ဆောင်ရွက်ခြင်းနှင့် အနားယူအပန်းဖြေခြင်း၊ သံတွဲမြို့ရှိ တန်ခိုးကြီး ဘုရားများသို့ သွားရောက်ဖူးမြော်ကြည်ညိုခြင်း၊ ပုလဲကျွန်း၊ ပေါင်ဝန် တံတား၊ ငပလီဈေး၊ ငပလီကမ်းခြေ စသည့် အထင်ကရနေရာများသို့ လေ့လာခြင်းများ ဆောင်ရွက်ခဲ့။

ထိုသို့ အပန်းဖြေခရီးသွားရောက်ခဲ့သည့်အဖွဲ့များသည် ဇွန်လ ၁၅ ရက်တွင် စုရပ်နေရာများဖြစ်သည့် နေပြည်တော်ကောင်စီနယ်မြေနှင့် ရန်ကုန်တိုင်းဒေသကြီးတို့သို့ ပြန်လည်ရောက်ရှိခဲ့ကြကြောင်း၊ အဆိုပါတပ်မတော်သားများအား သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အလိုက် တိုင်းမှူးများ၊ တာဝန်ရှိသူများက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၆-၆-၂၀၂၃)**

- **နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် တပ်မတော်သားများအား တပ်မတော်အကြီးအကဲ၏လမ်းညွှန်မှုအရ ချောင်းသာကမ်းခြေနှင့် ငပလီကမ်းခြေများသို့ အနားယူအပန်းဖြေရန်အတွက် တပ်မတော်လေယာဉ်များ၊ မော်တော်ယာဉ်များဖြင့် ပို့ဆောင်ပေးခဲ့။**
- **အဆိုပါ တပ်မတော်သားများအား သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်အလိုက် တိုင်းမှူးများ၊ တာဝန်ရှိသူများက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့။**

## နိုင်ငံတော်ကာကွယ်ရေးတာဝန်များ ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် တပ်မတော်သားများအား အပန်းဖြေခရီးများပို့ဆောင်ပေးခဲ့သည့် မှတ်တမ်းဓာတ်ပုံများ











**နိုင်ငံတော်ကာကွယ်ရေးတာဝန်များ ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် တပ်မတော်သားများအား အပန်းဖြေခရီးများပို့ဆောင်ပေးခဲ့သည့် မှတ်တမ်းဓာတ်ပုံများ**









